၂။ Adventure Myanmar Tours & Incentives Company Limited (အက်(ဒ်)ဗင်းချားမြန်မာတိုး (စ်)အင်(န်) အင်စမ်းတစ်(စ်) ကုမ္ပဏီလီမိတက်)အနေဖြင့် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၁၁)အရ ဝင်ငွေခွန် ကင်းလွတ်ခွင့် နှင့် အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုနိုင်ရန် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်-

(က) ဥပဒေပုဒ်မ ၂၀(က)အရ ဝန်ဆောင်မှု လုပ်ငန်း စီးပွားဖြစ် စတင်သောနှစ် အပါအဝင် တစ်ဆက်တည်း(၅)နှစ်အထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။

(ခ) ဥပဒေပုဒ်မ၂၀(ဂ)အရ လုပ်ငန်းမှရရှိသည့် အမြတ်ငွေကို သီးသန့်ရန်ပုံငွေထား၍ တစ်နှစ်အတွင်း လုပ်ငန်း၌ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်ဝင်ငွေခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ် ခွင့် ကာလကုန်ဆုံးပြီး၍ အမှန်တကယ် ပြန်လည်ရင်းနှီးမြှုပ်နှံသည့်အခါ လုပ်ငန်း အမှန်တကယ်အကောင်အထည်ဖော်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင် သို့ တင်ပြလျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၂၀(စ)အရ ဝင်ငွေခွန် ကင်းလွတ်ခွင့် ခံစားပြီး တစ်ဆက်တည်း နှစ်နှစ်အတွင်း အမှန်တကယ်ပေါ်ပေါက်သည့် အရှုံးငွေကို ယင်းသို့ အရှုံးပေါ်ပေါက်သည့်နှစ်မှစ၍ တစ်ဆက်တည်း သုံးနှစ်ကာလအထိ သယ်ယူခုနှိမ်ခွင့်ကို လုပ်ငန်း အမှန်တကယ် အကောင်အထည်ဖော်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဃ) ဥပဒေပုဒ်မ ၂၀(ဆ) အရ လုပ်ငန်း စတင်တည်ဆောက်မှု ကာလအတွင်း အမှန်တကယ်အသုံးပြုရန် လိုအပ်၍ ပြည်ပမှ တင်သွင်းသော ယာဉ်ယန္တရား၊ စက်ပစ္စည်း၊ စက်ကိရိယာ၊ အသုံးအဆောင် တန်ဆာပလာ၊ စက်ကိရိယာအစိတ်အပိုင်း၊ စက်အရန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်နှင့် အခြား ပြည်တွင်းအခွန် အကောက်များ ကင်းလွတ်ခွင့်ကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(င) ဥပဒေပုဒ်မ ၂၀(ဇ)အရ ဝင်ငွေခွန် စည်းကြပ်ရန်အလို့ငှာ ယာဉ်ယန္တရား၊ စက်ပစ္စည်း စက်ကိရိယာ၊ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းသုံး အခြားမတည်ပစ္စည်းများအပေါ်တွင် နိုင်ငံတော်က သတ်မှတ်ထားသည့် ပစ္စည်းတန်ဖိုး လျော့တွက်နှုန်းများအတိုင်း တွက်ချက်ပြီး ပစ္စည်းတန်ဖိုး လျော့တွက်ငွေကို အမြတ်ငွေထဲမှ နုတ်ပယ်ခွင့်အား ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(စ) ဥပဒေပုဒ်မ ၂၀(ည)အရ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ပြီး မူလ ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းကို ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း အမှန်တကယ် အသုံးပြုရန်လိုအပ်၍ ပြည်ပမှ တင်သွင်းသော ယာဉ်ယန္တရားများ၊ စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင် တန်ဆာပလာများ၊ စက်ကိရိယာ အစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ အပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်း အခွန်အကောက်များဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်တို့ကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၂၀(ဆ)အရ ပြည်ပမှ ယာဉ်ယန္တရား၊ စက်ပစ္စည်း၊ စက်ကိရိယာ၊ အသုံးအဆောင် တန်ဆာပလာ၊ စက်ကိရိယာ အစိတ်အပိုင်း၊ စက်အရန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းများ တင်သွင်းရာတွင် တင်သွင်းမည့် ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ စံချိန်စံညွှန်းများ၊ ဈေးနှုန်းများ သင့်မြတ်မှု စသည်တို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာ အသိအမှတ် ပြုထားသည့် စစ်ဆေးရေး ကိုယ်စားလှယ် (Inspection Agency)၏ စစ်ဆေးမှုဖြင့် ဆောင်ရွက်ရမည်။

၄။ Adventure Myanmar Tours & Incentives Company Limited (အက်(ဒ်)ဗင်းချားမြန်မာတိုး(စ်)အင်(န်)အင်စမ်းတစ်(စ်)ကုမ္ပဏီလီမိတက်)သည် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှု

လုပ်ငန်း ဆောင်ရွက်ရာတွင် မူလအဆိုပြုလွှာ၌ ဖော်ပြထားသည့် **ဝန်ဆောင်မှု ရည်မှန်းချက်များ**ကို **အနိမ့်ဆုံး ရည်မှန်းချက်များ** အဖြစ် ထားရှိဆောင်ရွက် အကောင်အထည် ဖော်ရမည်။

၅။ Adventure Myanmar Tours & Incentives Company Limited (အက်(ဒ်)ဗင်းချားမြန်မာတိုး(စ်)အင်(န်)အင်စမ်းတစ်(စ်)ကုမ္ပဏီလီမိတက်)သည် ဤအဆိုပြုလုပ်ငန်း၏ စာရင်းများကို သီးခြား ပြုစုထားရှိရမည်။

၆။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက် မြေ ငှားရမ်းခြင်း သက်တမ်းကာလမှာ မြေ ဧရိယာ (၄.၁၆၆)ဧက နှင့် အဆောက်အဦအား ငှားရမ်းခြင်း သဘောတူစာချုပ် လက်မှတ်ထိုးပြီးသည့် (၂-၇-၂၀၁၅)နေ့မှ စတင်၍ ကနဦးနှစ် (၅၀)နှင့် သက်တမ်းတိုး မြှင့်မည့်ကာလမှာ (၁၀)နှစ် သက်တမ်း(၂)ကြိမ်ဖြစ်သည်။ ထိုသို့ စာချုပ် သက်တမ်းကာလ တိုးမြှင့်ခြင်းအား ကော်မရှင်သို့ တင်ပြ၍ ခွင့်ပြုချက် ရရှိပြီးမှသာ အတည် ဖြစ်သည်။

၇။ Adventure Myanmar Tours & Incentives Company Limited (အက်(ဒ်)ဗင်း ချားမြန်မာ တိုး(စ်)အင်(န်) အင်စမ်းတစ်(စ်) ကုမ္ပဏီလီမိတက်)သည် မြေအသုံးချမှုပရီမီယံကြေး အဖြစ် ကျပ် ၂၀၀.၀၀ သန်းတိတိအား နေပြည်တော်မြန်မာ့စီးပွားရေးဘဏ် (သို့မဟုတ်) ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲ (၅)ရှိ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်) ဘဏ်စာရင်းသို့ ပေးသွင်းရမည်။

၈။ နှစ်စဉ် မြေငှားရမ်းခအား ၁ နှစ်လျှင် ကျပ် ၁၈၅.၀၀ သန်းတိတိ (ကျပ် တစ်ရာ ရှစ်ဆယ့်ငါးသန်းတိတိ) သို့မဟုတ် စုစုပေါင်းဝင်ငွေ၏ ၅ % အနက် များရာကို ပေးသွင်းရမည်။

၉။ နှစ်စဉ် ငှားရမ်းခကို သုံးနှစ် တစ်ကြိမ် နှစ်ဖက် ပြန်လည်ညှိနှိုင်း သုံးသပ် တိုးမြှင့် သတ်မှတ်ရမည်။ ယင်းတိုးမြှင့် သတ်မှတ်မှု ပမာဏသည် နောက်ဆုံး ငှားရမ်းခ၏ ၁၀ % ထက် မပိုစေရ။ တည်ဆောက်ရေးကာလအတွင်း ဝင်ငွေ ရရှိပါက ထိုက်သင့်သော ဝင်ငွေခွန်ကို ပေးဆောင်ရမည်။

၁၀။ အဆိုပြုလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် Adventure Myanmar Tours & Incentives Company Limited (အက်(ဒ်)ဗင်းချားမြန်မာ တိုး(စ်)အင်(န်) အင်စမ်းတစ်(စ်) ကုမ္ပဏီလီမိတက်) တို့ BOT စနစ်ဖြင့် မြေ ငှားရမ်းခြင်း ပြင်ဆင်သည့် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး၍ ထိုက်သင့်သော တံဆိပ်ခေါင်းခွန်များ ပေးဆောင်ပြီးသည့်အခါ ယင်းသဘောတူ စာချုပ်မိတ္တူ (၅)စောင်စီကို ဤကော်မရှင် သို့ **မပျက်မကွက်** ပေးပို့တင်ပြရမည်။

၁၁။ Adventure Myanmar Tours & Incentives Company Limited (အက်(ဒ်)ဗင်းချားမြန်မာ တိုး(စ်)အင်(န်) အင်စမ်းတစ်(စ်) ကုမ္ပဏီလီမိတက်)မှ မြေနှင့် အဆောက်အဦ ငှားရမ်းသည့် စာချုပ်သက်တမ်း ကုန်ဆုံးလျှင် (သို့မဟုတ်) စာချုပ် ရပ်စဲလျှင် အခြား သဘောတူ ညှိနှိုင်း

ထားချက်များ မရှိပါက ရက်ပေါင်း ၃၀ အတွင်း မြေ နှင့် အဆောက်အအုံများကို အငှားချထားသူထံသို့ ကောင်းမွန်သော အနေအထားအတိုင်း အဖိုးစားနား မပါဘဲ ပြန်လည်အပ်နှံရမည်။

၁၂။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် မြေအသုံးပြုမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော် အစိုးရမှ မြေယာနှင့် ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းမည့် စည်းကမ်းသတ်မှတ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၁၃။ Adventure Myanmar Tours & Incentives Company Limited (အက်(ဒ်) ဗင်းချားမြန်မာတိုး(စ်)အင်(န်)အင်စမ်းတစ်(စ်)ကုမ္ပဏီလီမိတက်)သည် အငှားချထားသည့် မြေ၊ အဆောက်အအုံနှင့် ပစ္စည်းတို့ကိုလည်းကောင်း၊ ယင်းတို့၏ တစ်စိတ်တစ်ဒေသကိုလည်းကောင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့်ငှားရမ်းခြင်း၊ ရောင်းချခြင်း (သို့မဟုတ်) တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်း စသည်တို့ကို လုံးဝ မပြုလုပ်ရ။

၁၄။ Adventure Myanmar Tours & Incentives Company Limited (အက်(ဒ်) ဗင်းချားမြန်မာတိုး(စ်)အင်(န်)အင်စမ်းတစ်(စ်)ကုမ္ပဏီလီမိတက်)သည် ဟိုတယ် တည်ဆောက်ရေး၊ အခန်းများ ဖွဲ့စည်းရေးနှင့် လိုအပ်သော Facilities များ ထည့်သွင်းရေးအတွက် မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေး ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဟိုတယ်နှင့်တည်းခိုရိပ်သာ လုပ်ငန်း လိုင်စင်ဆိုင်ရာ အမိန့်များပါဝင်သော ဟိုတယ်တည်ဆောက်ရေးဆိုင်ရာ အခြေခံ လိုအပ်ချက်နှင့်စံနှုန်းများ (Basic Requirement and Criteria)ထက် မနိမ့်ကျစေရေးအတွက် အဆိုပါ ဥပဒေအမိန့်များကို ကြိုတင်လေ့လာရယူ၍ ဆောင်ရွက်သွားရမည်။

၁၅။ Adventure Myanmar Tours & Incentives Company Limited (အက်(ဒ်) ဗင်းချားမြန်မာတိုး(စ်)အင်(န်)အင်စမ်းတစ်(စ်)ကုမ္ပဏီလီမိတက်)သည် လုပ်ငန်း ဆောင်ရွက်ရာတွင် မြို့ပြစီမံကိန်းနှင့် ကိုက်ညီစေရေးအတွက် လည်းကောင်း၊ သက်ဆိုင်ရာ ဥပဒေများ ပြဋ္ဌာန်းပေါ်ပေါက်လာသည့်အခါ အဆိုပါ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများ နှင့် ကိုက်ညီစေရန်လည်းကောင်း လိုက်နာဆောင်ရွက်ရမည်။

၁၆။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် အဆောက်အဦအတွက် အမှန်တကယ် လိုအပ်သော ဆောက်လုပ်ရေး လုပ်ငန်းသုံး ပစ္စည်းများကို ပြည်ပမှ တင်သွင်းသည့်အခါ ပစ္စည်းအမျိုးအစားနှင့် အရေအတွက်ကို BQ တွင် ဖော်ပြထားသည့်အတိုင်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ လမ်းညွှန်ချက်နှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

၁၇။ Adventure Myanmar Tours & Incentives Company Limited (အက်(ဒ်)ဗင်းချားမြန်မာတိုး(စ်)အင်(န်)အင်စမ်းတစ်(စ်)ကုမ္ပဏီလီမိတက်)သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများ လျော့နည်းစေရေးတို့အတွက် ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း (Initial Environmental Examination-IEE)၊ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan-EMP)တို့ကို ပြုလုပ် ဆောင်ရွက်

ပြီး ယင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကော်မရှင်နှင့် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့သို့ ပေးပို့အစီရင်ခံရမည်။

၁၈။ Adventure Myanmar Tours & Incentives Company Limited (အက်(ဒ်)ဗင်းချားမြန်မာတိုး(စ်)အင်(န်)အင်စမ်းတစ်(စ်)ကုမ္ပဏီလီမိတက်)သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက် ပြည်တွင်း အလုပ်သမားများ ခန့်ထားရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ၊ အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။ ထို့အပြင် အလုပ်ရှင်နှင့် အလုပ်သမား ဆက်ဆံရေး ပြေလည်စေရန် အလေးထား ဆောင်ရွက်ရမည်။ လုပ်ငန်းခွင် သာယာရေးနှင့် စာရင်းဇယားများ စနစ်တကျ ရှိစေရေးအတွက် အဆိုပြုချက်တွင် တင်ပြထားသည့်အတိုင်း စီစဥ်ဆောင်ရွက်ရမည်။

၁၉။ Adventure Myanmar Tours & Incentives Company Limited (အက်(ဒ်)ဗင်းချား မြန်မာတိုး(စ်) အင်(န်) အင်စမ်းတစ်(စ်) ကုမ္ပဏီလီမိတက်)သည် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှုလုပ်ငန်း၌ မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် မီးဘေးအန္တရာယ် ထိန်းသိမ်း ကာကွယ်ရေး အစီအမံများကို ဝန်ခံကတိပြုထားသည့်အတိုင်း စနစ်တကျထားရှိ ဆောင်ရွက်ရမည်ဖြစ်ပြီး မီးသတ်ဦးစီးဌာန၏ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ညွှန်ကြားချက်များနှင့် အမိန့်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၂၀။ Adventure Myanmar Tours & Incentives Company Limited (အက်(ဒ်)ဗင်းချားမြန်မာတိုး (စ်)အင်(န်)အင်စမ်းတစ်(စ်)ကုမ္ပဏီလီမိတက်)သည် ဤခွင့်ပြုမိန့် အရ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာ၌ ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု၊ မီးဘေး အန္တရာယ်စသည်များ မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်း ကာကွယ်ရေး အစီအမံများကို ဝန်ခံကတိပြုထားသည့်အတိုင်း စနစ်တကျ ထားရှိ ဆောင်ရွက်ရမည်။ ထို့ပြင် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး မူဝါဒ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ၊ အခြားသော ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ထားမှု အခြေအနေကို ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။

၂၁။ Adventure Myanmar Tours & Incentives Company Limited (အက်(ဒ်)ဗင်းချားမြန်မာတိုး (စ်)အင်(န်)အင်စမ်းတစ်(စ်)ကုမ္ပဏီလီမိတက်)သည် ကနဦးလုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့် ရရှိပြီး (သုံး)လအတွင်း ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။ ထို့ပြင် လုပ်ငန်း အကောင်အထည်ဖော်မှု အခြေအနေများကို သတ်မှတ်ထားသော ပုံစံဇယားများဖြင့် (၃)လ တစ်ကြိမ် **မပျက်မကွက်** ပုံမှန်ပေးပို့ အစီရင်ခံရမည်။ အဆိုပြုလုပ်ငန်း၏ စီးပွားဖြစ်စတင် ဆောင်ရွက်သည့် နေ့ရက်ကို စီးပွားဖြစ်စတင်ပြီး (တစ်)လအတွင်း ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။

၂၂။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်တွင် ဖော်ပြထားသည့် ရင်းနှီးမြှုပ်နှံသူ၏ အဖွဲ့အစည်း၏ နေရပ်လိပ်စာ (ကုမ္ပဏီ၏ ရုံးခန်းလိပ်စာနှင့် တယ်လီဖုန်းနံပါတ်)ပြောင်းလဲမှုရှိတိုင်း ဤကော်မရှင်သို့ **မပျက်မကွက်** တင်ပြ၍ အတည်ပြုခွင့်ပြုချက်ကိုရယူရမည်။

၂၃။ Adventure Myanmar Tours & Incentives Company Limited (အက်(ဒ်) ဗင်းချားမြန်မာတိုး(စ်)အင်(န်)အင်စမ်းတစ်(စ်)ကုမ္ပဏီလီမိတက်)သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ချမှတ်ထားသော တည်ဆဲစည်းမျဉ်း စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

၂၄။ အဆိုပြုလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သဖြင့် မည်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းကမျှပိုင်ဆိုင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းမရှိစေရ။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ထုတ်ပေးထားသော ခွင့်ပြုမိန့်၊ သက်ဆိုင်ရာဌာနများမှ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်များနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ပြည်ပမှတင်သွင်းသည့် ပစ္စည်းများကို တစ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်းမပြုရ။ အကယ်၍ အဆိုပြုလုပ်ငန်းကို နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းက ပိုင်ဆိုင်ကြောင်း သို့မဟုတ် ခွင့်ပြုမိန့် လုပ်ငန်းလိုင်စင်များနှင့် ပြည်ပမှ တင်သွင်းသည့် ပစ္စည်းများကို တစ်နည်းနည်းဖြင့် စီမံခန့်ခွဲကြောင်း၊ ရောင်းချကြောင်း သက်ဆိုင်ရာက စစ်ဆေးတွေ့ရှိလျှင် လိုအပ်သလို အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့်ညှိနှိုင်း ဆောင်ရွက်မည့်အပြင် လုပ်ငန်းအဆိုပြုသူသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၃၂(င)အရ နောင်တွင်မည်သည့် ခွင့်ပြုမိန့်မျှထုတ်ပေးမည်မဟုတ်သော နာမည်ပျက် စီးပွားရေးလုပ်ငန်းစာရင်း၌ ထည့်သွင်းခြင်းခံရမည်။

၂၅။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့် နေ့မှစ၍ (တစ်)နှစ်အတွင်း အဆိုပြုလုပ်ငန်းကို စတင်ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ကျော်ဝင်း)

ဥက္ကဋ္ဌ

စာအမှတ်၊မရက-၄ /မ-၁၅၆၃/၂၀၁၇(   )

ရက်စွဲ ၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီ လ   ရက်

ဖြန့်ဝေခြင်း-

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထဲရေးဝန်ကြီးဌာန

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(MES)

မန်နေဂျင်းဒါရိုက်တာ၊ Adventure Myanmar Tours & Incentives Company Limited (အက်(ဒ်)ဗင်းချားမြန်မာတိုး (စ်)အင်(န်)အင်စမ်းတစ်(စ်)ကုမ္ပဏီလီမိတက်)

အထွေထွေအရပ်ရပ်-၁၆

ရုံးတွင်းစာအကျဉ်းချုပ် သို့မဟုတ် စာကြမ်းရေးရန်အတွက်

M3-954 22/12/16

ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ လ ၂၁ ရက်

အကြောင်းအရာ။ Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ (၄.၁၆၆)ဧကတွင် ကျိုင်းတုံ ဟိုတယ်အသစ်အား ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းအပေါ် ခွင့်ပြုမိန့် ထုတ်ပေးရန်အတွက် ဥပဒေရှုထောင့်မှ သုံးသပ်ပေးပါရန် တင်ပြခြင်း ကိစ္စ

P1-8101 22.12.16

၁။ Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၂၈)၊ တောင်ခုတ်လမ်း၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ (၄.၁၆၆)ဧကတွင် ကျိုင်းတုံ ဟိုတယ်အသစ်လုပ်ငန်းအား လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ နှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးအောင်မျိုးမင်းဒင်မှ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှတစ်ဆင့် အဆိုပြုချက် တင်ပြလာခြင်းအား ၂၀၁၆ ခုနှစ် ဒီဇင်ဘာ လ (သို့မဟုတ်)၂၀၁၇ ခုနှစ် ဇန်နဝါရီလ တွင် ကျင်းပမည့် ကော်မရှင်၏ (၂၄/၂၀၁၆) အစည်းအဝေးသို့ တင်ပြမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ Adventure Myanmar Tours & Incentives Co., Ltd. သို့ လုပ်ငန်းဆောင်ရွက်ခွင့်အတွက် ထုတ်ပေးမည့် Permit Card နှင့် Decision (မူကြမ်း)တို့အား ဥပဒေရှုထောင့်မှ သုံးသပ်ပေးပါရန် နှင့် ဆောလျင်စွာ စိစစ်ပေးနိုင်ပါရန် ညွှန်ကြားအပ်ပါသည်။

[signature] 21/12/16

(ဝင်းမို့မို့အေး)

ဦးစီးအရာရှိ

လ/ထ-ညွှန်မှူး

၃။ [illegible handwritten note]

[signature]

[illegible]

[illegible handwritten heading]

၄။ Adventure Myanmar Tours & Incentives [illegible handwritten note]

[signature]

(ခင်သက်မော်)

ညွှန်ကြားရေးမှူး

၉။ သဘောတူကြောင်း မှတ်ချက်ပေး၍ ဆိုင်ရာ ပေးပို့တင်ပြပါသည်။

ပြုပြင် ၂၂/၁၂/၁၆ (မြမြ)

ညွှန်ကြားရေးမှူး (မှတ်ပုံတင် ဥပဒေရေးရာ)

၆။

ဦးစီးအရာရှိ

၇။ စိစစ်ရှင်းလင်းတင်ပြအပ်ပါသည်။

Proposal တွင် ဖြေရှင်းရန် အတော်အသားမတွေ့ရှိပါ။

23/12/16 (ပေါ်သူအောင်)

လက်ထောက်ညွှန်ကြားရေးမှူး

၈။ သဘောတူ

ဒု-ညွှန်မှူး

၉။ စိစစ်တင်ပြအပ်ပါသည်။

26.12.2016 (သူမွန်အောင်)

ညွှန်မှူး (ရုံး-၃)

၁၀။ ၂၇/၁၂/၁၆

DWMMA
၂၇/၁၂/၁၆

၁၁။ ဖွင့်လှစ်မည့် ဟိုတယ် ကြော်ငြာ (ဗေဒါ) ကို P.L ဖြင့် စိစစ်ပြီးမှ ပါက ပြင်ဆင်ပြီး ပြန်လည်တင်ပြအပ်ပါသည်။

27/12/16 (ဒေါ်မြင့်မြင့်) ဦးစီးအရာရှိ

အထွေထွေအရပ်ရပ်-၁၆

ရုံးတွင်းစာအကျဉ်းချုပ် သို့မဟုတ် စာကြမ်းရေးရန်အတွက်

ဒု/ည-ညွှန်ကြားရေးမှူး

၁၂။ ပြင်ဆင်ပြီး စာ ခွင့်ပြုမိန့် နှင့် ခန့်မိန့် ကော်ပီစာ [illegible] အား တင်ပြအပ်ပါသည်။

[illegible] ၂၃/၁၂

ဒု/ညွှန်ကြားရေးမှူး

၁၃။ Format & Decoration အား [illegible] တင်ပြအပ်ပါသည်။

[illegible]

(စာ.မစိုးခေါင်ဦး)

ညွှန်ကြားရေးမှူး

၁၄။ ခွင့်ပြုမိန့် နှင့် ခန့်မိန့် ကော်ပီ စာ (ကြမ်း) အား [illegible] ပါရန် တင်ပြအပ်ပါသည်။

[illegible] ၂၈/၁၂

(မြသူ)

ဒုဌာနမှူး

၁၅။ [illegible]

[illegible]

ဌာနမှူး

၁၆။ [illegible]

၁၇။ စာချုပ်အား [illegible] ပါရန် တင်ပြအပ်ပါသည်။

[illegible] ၂၃/၁၂

(မြသူ)

[illegible]

၁၈၊ [illegible]

[illegible]

[illegible]

[illegible]

[illegible]

အထွေထွေအရပ်ရပ်-၁၆

ရုံးတွင်းစာအကျဉ်းချုပ် သို့မဟုတ် စာကြမ်းရေးရန်အတွက်

ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ လ ၂၂ ရက်

MB-963 28/12

အကြောင်းအရာ။ **Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ (၄.၁၆၆)ဧကတွင် ကျိုင်းတုံ ဟိုတယ်အသစ်အား ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်း ကိစ္စ**

၁။ အထက်ပါ ကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ လ (သို့မဟုတ်)၂၀၁၇ ခုနှစ် ဇန်နဝါရီလ တွင် ကျင်းပမည့် ကော်မရှင်၏ (၂၄/၂၀၁၆)အစည်းအဝေးသို့ တင်ပြမည် ဖြစ်ပါသဖြင့် **အမှာစာ (စာကြမ်း)**၊ Brief Note၊ Case & Diary ၊ Cost & Benefit ၊ PAT condition၊ Permit Card & Decision **(စာကြမ်း)**တို့အား ပြုစုတင်ပြအပ်ပါသည်။

22/12/16

(ဝင်းမို့မို့အေး)

ဦးစီးအရာရှိ

လ/ထ-ညွှန်မှူး

၂။ [illegible] MIC ၂၄/၂၀၁၆ (.၂၂.၂၀၁၆) [illegible] အမှာစာ (စာကြမ်း) နှင့် Permit (စာကြမ်း)၊ [illegible] (စာကြမ်း) [illegible] ပါသည်။

22/12

[illegible]

ဒု/ညွှန်ကြားရေးမှူး

22-12-16 ၃။ Adventure Myanmar Tours & Incentives အား MIC သို့ [illegible] ပါသည်။

(ခင်သက်မော်)

ဒုတိယညွှန်ကြားရေးမှူး

ညွှန်ကြားရေးမှူး

-12-16 ၄။ [illegible]

[illegible] ၂၂.၁၂.၁၆

[illegible]

[illegible]

၁။ [illegible]

[illegible]

[illegible]

၆။ [illegible]

၂၄/၁၂

[illegible]

၇။ [illegible]

[illegible]

၂၇/၁၂

[illegible]

၈။ [illegible]

[illegible]

[illegible]

[illegible]

၂၀/၁၂

[illegible]

၂၀/၁၂

ရင်းနှီး(၃)မှ ပေးပို့ခြင်း

MIC (၂၄/၂၀၁၆) အစည်းအဝေးတွင် တင်ပြမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်

Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ်နှင့်ခရီးသွားလာရေ
ဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ (၄.၁၆၆)ဧကတွင်
ကျိုင်းတုံ ဟိုတယ်အသစ်အား ဆောင်ရွက်ခွင့်ပြုပါရန် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ
တစ်ဆင့် အဆိုပြုချက် တင်ပြလာခြင်း ကိစ္စ

အထူးဖိတ်-

ဦးတင့်သွင်
ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

ဝန်ထမ်းအင်အား

ပြည်တွင်း - ၁၃၁ ဦး

ပြည်ပ - မရှိ

စုစုပေါင်း - ၁၃၁ ဦး

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေဖြင့် Adventure Myanmar Tours & Incentives Co., Ltd. မှ BOT စနစ်ဖြင့် ကျိုင်းတုံ ဟိုတယ်အသစ် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့် နှင့်စပ်လျဉ်းသည့် အဓိကအချက်များ

၁	ကုမ္ပဏီအမည်/ ကမကထပြုသူ	-	Adventure Myanmar Tours & Incentives Co., Ltd. ဦးအောင်မျိုးမင်းဒင်
၂	အဖွဲ့အစည်းပုံသဏ္ဍာန်	-	လီမိတက်ကုမ္ပဏီ(Private Company ဖြစ်ပါသည်။)
၃	လုပ်ငန်းအမျိုးအစား	-	BOT စနစ်ဖြင့် ကျိုင်းတုံ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်း
၄	တည်နေရာ	-	ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အ အမှတ် (၂၈)၊ တောင်ခုတ်လမ်း၊ ကျိုင်းရင်းရပ်
၅	မြေအကျယ်အဝန်း	-	မြေဧရိယာ (၄.၁၆၆)ဧက
၆	မြေပိုင်ရှင်	-	ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
၇	နှစ်စဉ် မြေငှားရမ်းခြင်း		ကျပ် ၁၈၅.၀၀ သန်း သို့မဟုတ် စုစုပေါင်း ဝင်ငွေ၏ ၅% ယင်းအ များရာ
၈	လုပ်ငန်းသက်တမ်း	-	ကနဦး နှစ်(၅၀)နှင့် သက်တမ်းတိုး ၁၀ နှစ် နှစ်ကြိမ်
၉	တည်ဆောက်ရေးကာလ	-	၂ နှစ်
၁၀	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု		**ကျပ် ၄၉၀၀.၀၀ သန်း**

ကျပ်(သ

စဉ်	အမျိုးအစား	မူလရင်းနှီး ပမာဏ	ထပ်တိုး ရင်းနှီးပမာဏ		စုစုပေါင်း ရင်းနှီးမြှုပ် မှု ပမာဏ
			US$	**ကျပ်**	
က	ငွေသား	၂၅၉.၀၄	-	၁၈၆၃.၁၂	၂၁၂၂.၁
ခ	စက်ပစ္စည်း တန်ဖိုး	-	၀.၁၃	-	၁၅၇.၂၀
ဂ	အဆောက်အဦ	၁၅၈.၈၄	၀.၄၀	၄၇၅.၄၁	၁၁၁၃.၇
ဃ	ဟိုတယ် လုပ်ငန်းသုံး ပစ္စည်းများ	-	၁.၂၆	-	၁၅၀၆.၈
	စုစုပေါင်း မတည်ငွေရင်း	**၄၁၇.၈၈**	**၁.၇၉**	**၂၃၃၈.၅၃**	**၄၉၀၀.၀၀**

(1 US$=၁၂၀၀ ကျပ်)

၁၁	ဝန်ထမ်းအင်အား ပြည်တွင်း	-	၁၃၀ ဦး (တစ်လလျှင် ပြည်တွင်း ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံး လစ ကျပ် ၁၀၈,၀၀၀ နှင့် အမြင့်ဆုံး လစာမှာ ကျပ် ၈၀၀, ဖြစ်ပါသည်။)

					နိုင်ငံတကာ အဆင့်မီ ဟိုတယ် ဝန်ဆောင်မှု လုပ်ငန်း	ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ကျောက်တိုင်ရပ်၊ ၃ ရပ်ကွက်၊ အကွက် အမှတ် ၄၄၊ ဦးပိုင်အမှတ် ၂၀ ရှိ မြေ ဧရိယာ (၆.၆၃၅) ဧက	
				၄။	Sein Myint Mo Tours and Travels Company Limited B.O.T စနစ်ဖြင့် နိုင်ငံတကာ အဆင့်မီ ဟိုတယ် ဝန်ဆောင်မှု လုပ်ငန်း	ဟိုတယ်နှင့်ခရီး သွားလာရေး ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှု ဦးစီးဌာနပိုင်၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်၊ အမှတ်(၅) ရပ်ကွက်၊ အကွက်အမှတ်- (၂၈)၊ နောင်တုံ N၊ ဦးပိုင်အမှတ်-(၅၈) ရှိ မြေ ဧရိယာ ၁.၃၇၄ ဧက	၁၁၉၆/၂၀ ၅ -၇-၂၀၁
				၅။	Diamond Palace Hotels Co., Ltd. ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်း	ဟိုတယ်နှင့်ခရီး သွားလာရေး လုပ်ငန်းဝန်ကြီး ဌာန၊ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှု ဦးစီး ဌာနပိုင်၊ မန္တလေး တိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ရန်ကုန်- မန္တလေးလမ်းမကြီ းဘေး၊ မိုင်တိုင် ၃၄၀/၁ မှ ၃၄၁/၁ ကြားရှိ မြေဧရိယာ ၃၈.၈၈ ဧက	၁၂၀၄/၂၀၁ ၃၁-၈-၂၀၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊မရက-၄/မ-၁၅၆၃/၂၀၁၆(
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ လ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြသည့်
အမှာစာ

အကြောင်းအရာ။ **Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ်နှ ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတ မြို့၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ(၄.၁၆၆)ဧကတွင် ကျိုင်းတုံဟိုတယ်အသ အား ဆောင်ရွက်ခွင့်ပြုပါရန် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန တစ်ဆင့် အဆိုပြုချက် တင်ပြလာခြင်း ကိစ္စ**

၁။ Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ်နှင့်ခရီးသွားလာရေ ဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ် (၂ တောင်ခုတ်လမ်း၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ (၄.၁၆၆)ဧကတွင် BOT စနစ်ဖြင့် ကျိုင်းတုံ ဟိုတယ အသစ်လုပ်ငန်းအား လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ နှင့်အ ဆောင်ရွက် ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးအောင်မျိုးမင်းဒင်မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီ ဌာနမှတစ်ဆင့် အဆိုပြုချက် တင်ပြလာခြင်းအား ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ လ ၃၁ ရက် နေ့တွ ကျင်းပသော အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ (၄၀/၂၀၁၆)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပြီ ဖြစ်ပါသည်။

၂။ အဆိုပြုလုပ်ငန်း နှင့်စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် Adventure Myanmar Tours & Incentives Co., Ltd. တို့ အကြား ပြည်ထောင်စုရှေ့နေချုပ်ရုံး သဘောထာ မှတ်ချက် နှင့်အညီ B.O.T စနစ်ဖြင့် ပြင်ဆင် ချုပ်ဆိုမည့် မြေငှားရမ်းခြင်း သဘောတူစာချုပ် (မူကြမ်း အား တင်ပြထားပါသည်။

၃။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် Adventure Myanmar Tours & Incentive Co., Ltd. တို့အကြား ပြင်ဆင် ချုပ်ဆိုမည့် မြေငှားရမ်းခြင်းစာချုပ်ပါ အဓိကအချက်များမှာ အောက်ပ အတိုင်း ဖြစ်ပါသည်-

(က) မြေငှားရမ်းခြင်း သက်တမ်းကာလမှာ စာချုပ်လက်မှတ်ထိုးသည့်နေ့မှ ကနဦး နှစ်(၅၀)နှ သက်တမ်းတိုး ၁၀ နှစ် နှစ်ကြိမ် ဖြစ်သည်။ **ပြင်ဆင်စာချုပ်အပိုဒ်-၃(ခ)**

(ခ) တည်ဆောက်ရေးကာလ ၂ နှစ်အတွင်း မြေငှားရမ်းခ ကင်းလွတ်ခွင့် ရရှိပြီး ငှားရမ်းခနှုန် ထားမှာ တစ်နှစ်လျှင် ကျပ် ၁၈၅.၀၀ သန်းတိတိကို နှစ်ကြိမ်ခွဲ ပေးချေရန် ဖြစ်ပါသည်၊ **ပြင်ဆင်စာချုပ်အပိုဒ်-၄(~~က၊~~ ခ)**

ကန့်သတ်

(ဂ) မြေအသုံးချမှုပရီမီယံကြေးအဖြစ် ကျပ် ၂၀၀.၀၀ သန်းအား အောက်ပါအတိုင်း နှစ်ကြိမ် ခွဲ၍ ပေးသွင်းရမည် ဖြစ်သည်- **ပြင်ဆင်စာချုပ်အပိုဒ်-၄(ဂ)**

(၁) မြေအသုံးချမှုပရီမီယံကြေး၏ ၅၀ % အား စာချုပ်လက်မှတ်ရေးထိုးပြီး ၁ (အတွင်း

(၂) မြေအသုံးချမှုပရီမီယံကြေး၏ ၅၀ % အား ၂ ကြိမ်ခွဲ၍ စာချုပ်လက်မှတ်ရေးထိုးပြ ၁ နှစ် အတွင်း

(ဃ) နှစ်စဉ် မြေငှားရမ်းခ နှုန်းထားကို (၃)နှစ် တစ် ကြိမ် နှစ်ဖက် ပြန်လည် ညှိနှိုင်း သုံးသပ် ငှားရမ်းခ ထပ်မံ တိုးမြှင့်မည်ဆိုပါက ယင်း တိုးမြှင့်မည့် နှုန်းသည် မူလ ငှားရမ်းခ (၁၀%) ထက် မကျော်လွန်စေရ။ **ပြင်ဆင်စာချုပ်အပိုဒ်-၄(ဆ)**

(င) အငှားချထားခြင်း ခံရသူသည် အငှားချထားစဉ်ကာလအတွင်း ယင်းမြေ၏ လုပ်ငန် တစ်ခုလုံးကိုဖြစ်စေ ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တစ်ဆင့် အငှားချထားခြင်း၊ ထ ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် တစ်ဆင့် လွှဲပြောင်းခြင်း မပြုလုပ်ရပ **ပြင်ဆင်စာချုပ်အပိုဒ်-၅(ခ)**

(စ) စာချုပ် သက်တမ်းကုန်ဆုံးသည့်အခါ (သို့မဟုတ်) စာချုပ်ရပ်စဲသည့်အခါ စာချု သက်တမ်း ကုန်ဆုံးသည့်နေ့မှ (သို့မဟုတ်)စာချုပ်ရပ်စဲသည့် နေ့မှ ၃ လအတွင်း အငှား ထားသည့်မြေနှင့် အဆောက်အဦများ၊ ၄င်းမြေပေါ်ရှိ အငှားချထားခြင်း ခံရသူမှ ဆောက လုပ်ထားသော အဆောက်အဦနှင့် ပစ္စည်းများအားလုံး ပြန်လည် လွှဲပြောင်းပေးအပ်ခြင ပြုရမည်။ **ပြင်ဆင်စာချုပ်အပိုဒ်-၇**

၄။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ နိုင်ငံပိုင် ငှားရမ်းထားသော မြေနှင့် အဆောက်အဦ များအား ကနဦး နှစ် (၁၅)နှစ် ဖြင့် ငှားရမ်းဆောင်ရွက်ခွင့်ပြုခဲ့သော ဟိုတယ်လုပ်ငန်းများအနက် အချို့အား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ မြေငှားရမ်းကာလအား ကနဦး နှစ်(၅၀ နှင့် သက်တမ်းတိုး ၁၀ နှစ် နှစ်ကြိမ် ဖြင့် ဆောင်ရွက်ခွင့်အတွက် တင်ပြလာခြင်းဖြစ်ပြီး လက်ရှိ ရင်းနှီ မြှုပ်နှံမှုအပြင် ထပ်မံတိုးချဲ့သည့် ရင်းနှီးမြှုပ်နှံမှု အပါအဝင် ဖြစ်ပါသည်။

၅။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ နိုင်ငံပိုင် ငှားရမ်းထားသော မြေနှင့် အဆောက်အဦ များအား ငှားရမ်းကာလ တိုးမြှင့်သတ်မှတ်ခွင့် ကိစ္စအား ၂၀၁၅ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့တွင် ကျင်းပသော စီးပွားရေးရာကော်မတီ(၁၃/၂၀၁၅)အစည်းအဝေး၌ တင်ပြဆွေးနွေးခဲ့ပြီး ကော်မရှင်သို တင်ပြရန် ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

၆။ အဆိုပြုလုပ်ငန်း ဆောင်ရွက်မည့် မြေနေရာသည် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ မြေစာရင်းပုံစံ-၁၀၅ ဖြင့် မြေနေရာ ဆောင်ရွက်ခွင့် ရရှိရန် တင်ပြထားပြီး ဖြစ်ပါသည်။

၇။ အဆိုပြုလုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှု သက်တမ်းကာလမှာ ကနဦး နှစ်(၅၀)နှင့် သက်တမ်းတို (၁၀)နှစ် နှစ်ကြိမ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး တည်ဆောက်ရေးကာလမှာ (၂)နှစ် ဖြစ်ပါသည်။

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

အမိန့်ကြော်ငြာစာအမှတ်၊ /၂၀၁၇ (မနသ)

၂၀၁၇ ခုနှစ် ဇန်နဝါရီ လ ရက်

၁။ Adventure Myanmar Tours & Incentives Company Limited (အက်(ဒ်)ဗင်းချားမြန်မာ တိုး(စ်)အင်(န်) အင်စမ်းတစ်(စ်) ကုမ္ပဏီလီမိတက်)သည် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၂၈)၊ တောင်ခုတ်လမ်း၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ (၄.၁၆၆)ဧကတွင် BOT စနစ်ဖြင့် ကျိုင်းတုံဟိုတယ်အသစ်လုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသူ ဦးအောင်မျိုးမင်းဒင်မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန မှတစ်ဆင့် အဆိုပြုချက် တင်ပြလာခြင်းအား ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ လ ၁၈ ရက်နေ့တွင် ကျင်းပသော ကော်မရှင်၏ (၂၄/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ ခွင့်ပြုမိန့် ထုတ်ပေးရန် ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း (၇)၊ ပုဒ်မ ၁၂ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် Adventure Myanmar Tours & Incentives Company Limited (အက်(ဒ်)ဗင်းချား မြန်မာတိုး(စ်)အင်(န်)အင်စမ်းတစ်(စ်)ကုမ္ပဏီလီမိတက်)အား BOT စနစ်ဖြင့် ကျိုင်းတုံ ဟိုတယ်အသစ်လုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့်အမှတ်၊ မနသ-၁၁၆၁/၂၀၁၇ ကို ထုတ်ပေးလိုက်သည်။

၂။ Adventure Myanmar Tours & Incentives Company Limited (အက်(ဒ်)ဗင်းချားမြန်မာတိုး (စ်)အင်(န်) အင်စမ်းတစ်(စ်) ကုမ္ပဏီလီမိတက်)အနေဖြင့် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၁၁)အရ ဝင်ငွေခွန် ကင်းလွတ်ခွင့် နှင့် အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုနိုင်ရန် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်-

(က) ဥပဒေပုဒ်မ ၂၀(က)အရ ဝန်ဆောင်မှု လုပ်ငန်း စီးပွားဖြစ် စတင်သောနှစ် အပါအဝင် တစ်ဆက်တည်း(၅)နှစ်အထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။

(ခ) ဥပဒေပုဒ်မ၂၀(ဂ)အရ လုပ်ငန်းမှရရှိသည့် အမြတ်ငွေကို သီးသန့်ရန်ပုံငွေထား၍ တစ်နှစ်အတွင်း လုပ်ငန်း၌ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်ဝင်ငွေခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ် ခွင့်ကာလကုန်ဆုံးပြီး၍ အမှန်တကယ် ပြန်လည်ရင်းနှီးမြှုပ်နှံသည့်အခါ လုပ်ငန်း အမှန်တကယ်အကောင်အထည်ဖော်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင် သို့ တင်ပြလျှောက်ထားရမည်။

ပုံစံ (မနသ-၂)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့် အမှတ်၊ မနသ- ၁၁၆၁ / ၂၀၁၇ ။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ လ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂(ခ
အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်-

(က) **ရင်းနှီးမြှုပ်နှံသူ၏ အမည်** ဦးအောင်မျိုးမင်းဒင်

(ခ) **အဘ အမည်** ဦးမင်းဒင်(ခ)ဦးလှဖေသန်း

(ဂ) **နိုင်ငံသား/ အမျိုးသားမှတ်ပုံတင်အမှတ်** ၁၂ / ကမရ (နိုင်) ၀၂၈၁၂၂

(ဃ) **နေရပ်လိပ်စာ** အမှတ်(၉၉-အို)၊ သံလွင်လမ်း၊၁၀ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

(င) **ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့် အဖွဲ့အစည်း** ADVENTURE MYANMAR
TOURS & INCENTIVES COMPANY LIMITED (အက်(ဒ်)ဗင်းချားမြန်မာတို
(စ်)အင်(န်)အင်စမ်းတစ်(စ်)ကုမ္ပဏီလီမိတက်)

(စ) **ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား** B.O.T စနစ်ဖြင့် ကျိုင်းတုံဟိုတယ်
(၁၁၆) ~~အဆင့်~~ ဝန်ဆောင်မှု လုပ်ငန်း

(ဆ) **ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်အရပ်ဒေသ(များ)** ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ် (၂၈)
တောင်ခုတ်လမ်း၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ (၄.၁၆၆)ဧက

(ဇ) **မတည်ငွေရင်းပမာဏ(ကျပ်)** ကျပ် ၄၉၀၀.၀၀ သန်း(အမေရိကန်ဒေါ်လာ ၁.၇၉ သန်
အပါအဝင် စုစုပေါင်း ကျပ် လေးထောင့်ကိုးရာသန်း တိတိ)

(ဈ) **တည်ဆောက်မှုကာလ** ၂ နှစ်

(ည) **ရင်းနှီးမြှုပ်နှံမှုခွင့်ပြုသည့်သက်တမ်း** ၅၀ နှစ်

ဥက္ကဋ္ဌ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စဥ်	ကုမ္ပဏီအမည် နှင့် လုပ်ငန်းအမျိုးအစား	တည်နေရာ	ခွင့်ပြုမိန့်
	လက်ရှိ ကလောဟိုတယ်အား အဆင့်မြင့် ပြန်လည် မွမ်းမံ ခြင်းနှင့် ဟိုတယ် ထပ်တိုး တည်ဆောက်၍ နိုင်ငံတကာအဆင့်မီ ဟိုတယ် ဝန်ဆောင်မှုလုပ်ငန်း	ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ကျောက်တိုင်ရပ်၊ ၃ ရပ်ကွက်၊ အကွက် အမှတ် ၄၄၊ ဦးပိုင်အမှတ် ၂၀ ရှိ မြေ ဧရိယာ(၆.၆၃၅) ဧက	
၄	Sein Myint Mo Tours and Travels Company Limited B.O.T စနစ်ဖြင့် နိုင်ငံတကာ အဆင့်မီ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်း ရှမ်းကျိုင်းတုံ ဟိုတယ် (ဟောင်း)	ဟိုတယ်နှင့်ခရီးသွား လာရေးဝန်ကြီး ဌာန၊ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှု ဦးစီးဌာနပိုင်၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ အကွက်အမှတ်-(၂၈)၊ နောင်တုံ N၊ ဦးပိုင်အမှတ်-(၅၈)ရှိ မြေ ဧရိယာ ၁.၃၇၄ ဧက	၁၁၉၆/၂၀၁၆ ၅ -၇-၂၀၁၆
၅	Diamond Palace Hotels Co., Ltd. ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်း	ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနပိုင်၊ မန္တလေး တိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းမကြီးဘေး၊ မိုင်တိုင် ၃၄၀/၁ မှ ၃၄၁/၁ ကြားရှိ မြေဧရိယာ ၃၈.၈၈ ဧက	၁၂၀၄/၂၀၁၆ ၃၁-၈-၂၀၁၆
၆	Aurea Hotel &Services Co., Ltd. B.O.T စနစ်ဖြင့် ဟိုတယ် ဝန်ဆောင်မှု လုပ်ငန်း	ဦးပိုင်အမှတ်(၆)၊ အကွက် အမှတ် (၁၁)စစ်ကွင်း၊ အမှတ် (၂၀) ရပ်ကွက်၊ တောင်ငူမြို့၊ တောင်ငူခရိုင်၊ ပဲခူးတိုင်းဒေသကြီးရှိ **တောင်ငူဟိုတယ်**	၁၂၂၆/၂၀၁၆ ၂၀-၁၂-၂၀၁၆
၇	HlaingHtunPaing Co., Ld. B.O.T စနစ်ဖြင့် ဟိုတယ် ဝန်ဆောင်မှု လုပ်ငန်း	ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး ဌာန၊ ဟိုတယ် နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနပိုင် ရှမ်းပြည်နယ် တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ပင်းတယမြို့နယ်၊ ဆင်ခေါင်းရပ်၊ အကွက် အမှတ် နှင့်အမည်-(၂၆/ဆင်ခေါင်းအရှေ့ရပ်)၊ ဦးပိုင်အမှတ် -(၄၊၅၊၇) ပင်းတယဟိုတယ်	၁၂၂၇/၂၀၁၆ ၂၀-၁၂-၂၀၁၆

ကန့်သတ်

ဆုံးဖြတ်ရန်အချက်

၁၉။ သို့ဖြစ်ပါ၍ Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ် နှ
ခရီးသွားလာရေးဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယ
(၄.၁၆၆)ဧကတွင် ကျိုင်းတုံ ဟိုတယ်အသစ်လုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ
နှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ တစ်ဆင့် တင်ပြလာခြင်
အား ခွင့်ပြုရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား
(အောင်နိုင်ဦး၊အတွင်းရေးမှူး

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အဆိုပြုချက် စိစစ်ရေးအဖွဲ့

အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့

ဖက်(စ်) ၀၁-၆၅၈၁၃၇ စာအမှတ်၊မရက-၄/မ-၁၅၆၃/၂၀၁၆(၁၁၁၄)

☎ - ၀၁-၆၅၈၁၂၉ ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ လ၂[illegible] ရက်

သို့

ပြည်ထောင်စုဝန်ကြီးရုံး

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

အကြောင်းအရာ။ **သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောထား မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန် အကြောင်းကြားခြင်း ကိစ္စ**

ရည်ညွှန်းချက် ။ (၁) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၂၇-၁၀-၂၀၁၆) ရက်စွဲပါ စာ အမှတ်၊ မရက-၄/မ-၁၅၆၃/၂၀၁၆(၉၉၀)

(၂) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၃-၁၂-၂၀၁၆) ရက်စွဲပါ စာ အမှတ်၊ မရက-၄/မ-၁၅၆၃/၂၀၁၆(၁၀၇၈)

(၃) ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်း အဖွဲ့၊ ရန်ကုန်မြို့၏ (၂၀-၁၂-၂၀၁၆)ရက်စွဲပါ စာအမှတ်၊ ၀၀၁/MIC(OSS)/၀၁ (၂၅၉/၁၆)

၁။ Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၂၈)၊ တောင်ခုတ်လမ်း၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ (၄.၁၆၆)ဧကတွင် BOT စနစ်ဖြင့် ကျိုင်းတုံ ဟိုတယ်အသစ် လုပ်ငန်းအား လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးအောင်မျိုးမင်းဒင်မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှတစ်ဆင့် အဆိုပြု တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့သို့ ရည်ညွှန်း(၁ နှင့် ၂)ပါ စာများဖြင့် သဘောထား တောင်းခံခဲ့ပါသည်။

၂။ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့မှ အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ရည်ညွှန်း(၃)ပါ စာဖြင့် သဘောထားမှတ်ချက် ပြန်ကြားလာပါသည်-

(က) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာ ဖော်ပြပြီး လုပ်ငန်း ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်

ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန် နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာ တာဝန်ခံ ဆောင်ရွက်မှု (Corporate Social Responsibility-CSR)အတွက် အသားတင်အမြတ်ငွေ၏ (၂%)အား အသုံးပြုခြင်း အပါအဝင် ကတိကဝတ်များအား လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) အဆိုပြုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှု မရှိစေရေး (သို့မဟုတ်)ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination-IEE)ကို ဆောင်ရွက်ပြီး ပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာ ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များ အတိုင်း အစီရင်ခံစာ ရေးသားတင်ပြရန်။

(ဂ) အဆိုပြုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှု မဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှု အနည်းဆုံး ဖြစ်စေသည့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ် စွန့်ပစ်ပစ္စည်း/စွန့်ပစ်အရည် စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင် ထိခိုက်မှု လျော့ပါးစေရေးဆောင်ရွက်မည့် လုပ်ငန်းများ အတွက် သုံးစွဲမည့် ရန်ပုံငွေ စသည်တို့ ပါဝင်သည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan-EMP)အား ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် ဖော်ပြပါရှိသော ညွှန်ကြားချက်များနှင့် အညီ အစီရင်ခံစာ ရေးသားတင်ပြရန်။

(ဃ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

၃။ သို့ဖြစ်ပါ၍ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့၏ အထက်စာပိုဒ်(၂)ပါ သဘောထား မှတ်ချက်နှင့်အညီ လိုက်နာ ဆောင်ရွက်ရန် နှင့် ဆောင်ရွက်ပြီးစီးသည့် အစီအစဉ်များအား သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနသို့ တိုက်ရိုက်တင်ပြပြီး ကော်မရှင်သို့ မိတ္တူပေးပို့ရန် အကြောင်းကြားပါသည်။

အဖွဲ့ခေါင်းဆောင်(ကိုယ်စား)
(ဆန်းမြင့်၊ဒုတိယညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

အဖွဲ့ခေါင်းဆောင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့၊ ရန်ကုန်မြို့

Adventure Myanmar Tours & Incentives Co., Ltd.

ရုံးလက်ခံ / မျှောစာတွဲ

အထွေထွေအရပ်ရပ်-၁၆
ရုံးတွင်းစာအကျဉ်းချုပ် သို့မဟုတ် စာကြမ်းရေးရန်အတွက်

ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ လ ၂၀ ရက်

အကြောင်းအရာ။ **သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောထား မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန် အကြောင်းကြားခြင်း ကိစ္စ**

၁။ Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၂၈)၊ တောင်ခုတ်လမ်း၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ (၄.၁၆၆)ဧကတွင် BOT စနစ်ဖြင့် ကျိုင်းတုံ ဟိုတယ်အသစ် လုပ်ငန်းအား လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ နှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးအောင်မျိုးမင်းဒင်မှ ဟိုတယ်နှင့်ခရီးသွားလာ ရေးဝန်ကြီးဌာနမှတစ်ဆင့် အဆိုပြု တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောထားမှ သဘောထား ပြန်ကြားလာခြင်းအား ကုမ္ပဏီသို့ အကြောင်းကြားမည့် **စာချော** အား တင်ပြအပ်ပါသည်။

20/12/16

(ဝင်းမို့မို့အေး)

ဦးစီးအရာရှိ

လ/ထ-ညွှန်မှူး

၂။ အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ သဘောထား မှတ်ချက်နှင့်အညီ [illegible] ကုမ္ပဏီသို့ အကြောင်းကြား မည့် စာချော [illegible] တင်ပြအပ်ပါသည်။

20/12

([illegible])

ဒု/ညွှန်ကြားရေးမှူး

၃။ ———

ညွှန်ကြားရေးမှူး

၄။ ကုမ္ပဏီ သို့ အကြောင်းကြားမည့် စာချော အား [illegible] လက်မှတ် ရေးထိုးပေးပါရန် တင်ပြအပ်ပါသည်။

[illegible]

([illegible])

သို့မဟုတ် စာကြမ်းရေးရန်အတွက်

DWMMA

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့
အဆိုပြုချက်စိစစ်ရေးအဖွဲ့
ဖက်(စ်) ၀၁-၆၅၈၁၃၇
☎ ၀၁-၆၅၈၁၂၆

စာအမှတ်၊မရက-၄/ မ-၁၅၆၃/ ၂၀၁၆(၁၇၈)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ လ ၁၃ ရက်

သို့
အဖွဲ့ခေါင်းဆောင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
One Stop Service အဖွဲ့

အကြောင်းအရာ။ **သဘောထားမှတ်ချက် တောင်းခံခြင်း ကိစ္စ**

ရည်ညွှန်းချက် ။ (၁) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ (၁၉-၁၀-၂၀၁၆) ရက်စွဲပါ စာ အမှတ်၊ ၁၈ ဂ(အုပ်ချုပ်မှု)/နပတ/၂၆၂၃
(၂) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၂၇-၁၀-၂၀၁၆) ရက်စွဲပါ စာ အမှတ်၊ မရက-၄/မ-၁၅၆၃/၂၀၁၆(၉၉၀)
(၃) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ (၈-၁၂-၂၀၁၆) ရက်စွဲပါ စာအမှတ်၊ ၁၈ ဂ(အုပ်ချုပ်မှု)/နပတ/၃၀၃၁

၁။ Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၂၈)၊ တောင်ခုတ်လမ်း၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ (၄.၁၆၆)ဧကတွင် BOT စနစ်ဖြင့် ကျိုင်းတုံ ဟိုတယ်အသစ် လုပ်ငန်းအား လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးအောင်မျိုးမင်းဒင်မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှတစ်ဆင့် ရည်ညွှန်း(၁)ပါ စာဖြင့် အဆိုပြုချက် တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ရည်ညွှန်း(၂)ပါ စာဖြင့် သဘောထား တောင်းခံခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါ ရည်ညွှန်း(၂)ပါ စာဖြင့် သဘောထားတောင်းခံခဲ့သည့် အဆိုပြုချက်အား ယခုအခါ ကုမ္ပဏီမှ သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ရည်ညွှန်း(၃)ပါ စာဖြင့် ပြန်လည် ပြင်ဆင် တင်ပြလာပါသဖြင့် အဆိုပါ ပြင်ဆင်တင်ပြလာသည့် အဆိုပြုချက်အား ပြန်လည် စိစစ်၍ သဘောထား ပြန်ကြားပေးနိုင်ပါရန် အဆိုပြုချက်(တစ်)စောင် ပူးတွဲ ပေးပို့လျက် ညှိနှိုင်း မေတ္တာရပ်ခံအပ်ပါသည်။

အဖွဲ့ခေါင်းဆောင်(ကိုယ်စား)
(ဆန်းမြင့်၊ဒုတိယညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို
ပြည်ထောင်စုဝန်ကြီးရုံး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

Adventure Myanmar Tours & Incentives Co., Ltd.

ရုံးလက်ခံ / မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့

အဆိုပြုချက်စိစစ်ရေးအဖွဲ့

ဖက်(စ်) ၀၁-၆၅၈၁၃၃
☎ -၀၁-၆၅၈၁၃၂၊ ၆၅၈၁၃၄

စာအမှတ်၊ မရက- ၄/ မ-၁၅၆၃/၂၀၁၆(၉၉၀)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် အောက်တိုဘာ လ၂ ၇ ရက်

သို့

အဖွဲ့ခေါင်းဆောင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
One Stop Service အဖွဲ့

အကြောင်းအရာ။ **သဘောထားမှတ်ချက် တောင်းခံခြင်း ကိစ္စ**

ရည်ညွှန်းချက် ။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ (၁၉-၁၀-၂၀၁၆) ရက်စွဲပါ စာအမှတ်၊ ၁၈ ဂ(အုပ်ချုပ်မှု)/နပတ/၂၆၂၃

၁။ Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၂၈)၊ တောင်ခုတ်လမ်း၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ (၄.၁၆၆)ဧကတွင် BOT စနစ်ဖြင့် ကျိုင်းတုံဟိုတယ်အသစ် လုပ်ငန်းအား လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးအောင်မျိုးမင်းဒင်မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှတစ်ဆင့် ရည်ညွှန်းပါ စာဖြင့် အဆိုပြုချက် တင်ပြလာပါသည်။

၂။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၇)၊ ပုဒ်မ(၁၁)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အဆိုပြုချက်ကို စိစစ်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ သဘောထားများကို တောင်းခံရယူရန် လိုအပ်ပါသည်။

၃။ အဆိုပြုချက်ပါ လုပ်ငန်းဆောင်ရွက်မည့် နေရာတွင် အထပ်မြင့် အဆောက်အဦများ တည်ဆောက်ခြင်းအတွက် သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှု ရှိ-မရှိ နှင့် လုပ်ငန်းဆောင်ရွက်ရန် သင့်-မသင့် စသည့်အချက်များအပေါ် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောထား မှတ်ချက်အား **ရက်သတ္တပတ် တစ်ပတ်အတွင်း** ပြန်ကြားပေးနိုင်ပါရန် နှင့် အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ ဒေါ်ပန်းမဥ္ဇူမောင်၊ ဖုန်းနံပါတ်၊ ၀၉-၅၁၉၉၁၅၀ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အဆိုပြုချက်(တစ်)စောင် ပူးတွဲ ပေးပို့လျက် ညှိနှိုင်း မေတ္တာရပ်ခံအပ်ပါသည်။

အဖွဲ့ခေါင်းဆောင်(ကိုယ်စား)
(ဆန်းမြင့်၊ဒုတိယညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

Adventure Myanmar Tours & Incentives Co., Ltd.

ရုံးလက်ခံ / မျှောစာတွဲ

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
MYANMAR ENGINEERING SOCIETY
Hlaing Universities' Campus, Hlaing Township, Yangon, Myanmar
Tel : 95-1-519673 – 76, Fax : 95-1-519681
E-mail:mes@mptmail.net.mm, Website: www.mes.org.mm

MB-1234
26/12

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ် ၊ မအသ / MIC / ၀၉၂၀/ ၂၀၁၆ ။

ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ၊ (၂၃)ရက်။

အကြောင်းအရာ ။ **။Adventure Myanmar Tours & Incentives Co.,Ltd ၏ BOT စနစ်ဖြင့် ကျိုင်းတုံဟိုတယ်အသစ်လုပ်ငန်း ဆောင်ရွက်ရန် ကိစ္စ၊**

ရည်ညွှန်းချက်။ ။မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၅.၁၀.၂၀၁၆ ရက်စွဲပါ စာအမှတ်၊ မရက-၄/မ- ၁၅၆၃/ ၂၀၁၆(၉၉၂)။

၁။ အထက်ပါအကြောင်းအရာနှင့် ပတ်သတ်၍ရည်ညွှန်းချက်ပါစာအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသို့သက်ဆိုင်ရာ Adventure Myanmar Tours & Incentives Co.,Ltd မှ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနပိုင်၊ အရှေ့ပိုင်း၊ကျိုင်းတုံမြို့ အမှတ် ၅ ရပ်ကွက် အကွက်အမှတ် ၂၈ တောင်ခုတ်လမ်း၊ ကျိုင်းရင်းရပ်ရှိ မြေ (၄.၁၆၆) ဧကတွင် BOT စနစ်ဖြင့် ကျိုင်းတုံဟိုတယ်အသစ်လုပ်ငန်း နှင့်ပတ်သတ်၍ လိုအပ်သော သဘောထား မှတ်ချက် ပေးရန် အကြောင်းကြားခဲ့ပါသည်။

၂။ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတွင် ဖွဲ့စည်းထားသော MIC Projects Assessment Committee မှ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ သဘောထားမှတ်ချက်ပေးနိုင်ရေး အတွက် Presentation ပြုလုပ်ရန်ဖိတ်ကြားချက်အရ Adventure Myanmar Tours & Incentives Co.,Ltd မှ တာဝန် ရှိသူများမှ (၁၄-၁၂-၂၀၁၆) ရက်နေ့တွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း သို့ လာရောက်၍ စီမံကိန်း နှင့် ပတ်သတ်သော အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့သည်။

၃။ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း မှ MIC Projects Assessment Committee အဖွဲ့ဝင် များဖြစ်ကြသော အတွင်းရေးမှူး ဦးကြည်လွင်၊အဖွဲ့ဝင် များဖြစ်ကြသော ဦးကျော်စန်ဝင်း၊ ဦးခင်မောင်ဝင်း၊ဦးခင်မောင်ဌေး၊ဦးခင်မောင်မောင် တို့တက်ရောက်ခဲ့ကြပါသည်။

၄။ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ MIC Projects Assessment Committee အနေဖြင့် ရှမ်းပြည်နယ်၊တွင် တည်ဆောက်မည့် ကျိုင်းတုံဟိုတယ်အသစ်လုပ်ငန်း ဆောင်ရွက်ရာတွင် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ရန် နှင့် စံချိန်စံညွှန်းမီ တည်ဆောက်ရေးပစ္စည်းများ အသုံးပြု၍ တည်ဆောက်ပါက ကန့်ကွက်ရန်မရှိပါကြောင်း တင်ပြအပ်ပါသည်။

၅။ အဆောက်အဦပိုင်းတွင် အဓိကဆောက်လုပ်ရေးပစ္စည်းဖြစ်သော Cement ကို ပြည်ပမှ တင်သွင်းခြင်းမပြုဘဲ ပြည်တွင်းမှသာ ဝယ်ယူ၍ ဆောက်လုပ်မည်ဖြစ်ကြောင်း ပူးတွဲပါစာဖြင့် တင်ပြအပ်ပါသည်။

၆။ အဆောက်အဦပိုင်းတွင် ပြည်ပမှတင်သွင်းမည့် အဓိကဆောက်လုပ်ရေးပစ္စည်းများဖြစ်သော Rebar - 110.62 Ton (တန်) နှင့် Binding Wire - 2212.4 Lb (ပေါင်) အရေအတွက်တို့ကို ထောက်ခံတင်ပြအပ်ပါသည်။

၇။ Waste Water Treatment ကို ခေတ်မီ နည်းများထည့်သွင်းအသုံးပြုသင့်ပါကြောင်း တင်ပြအပ်ပါသည်။

၈။ အဆောက်အဦ၏ M&E နှင့် ပတ်သက်သည့် သဘောထားမှတ်ချက်အား သီးခြား ထပ်မံတင်ပြမည် ဖြစ်ပါသည်။

မှတ်ချက်။ ။(၁) ယခုတင်ပြသော စီမံကိန်းစိစစ်ရာတွင် တင်ပြသောပုံစံဒီဇိုင်းများသည် အမှန်တကယ်အသေးစိတ် တည်ဆောက်မည့် ပုံစံဒီဇိုင်းများနှင့် ကွဲလွဲမှုရှိမည်ဆိုပါက ယခုတွက်ချက်ထားသောပစ္စည်းအရေအတွက်များမှာ အမှန်တကယ်သုံးစွဲမည့်အရေအတွက်နှင့် ကွာခြားနိုင်ပါသည်။ သို့အတွက် လိုအပ်ပါက Detail Drawings မှ တွက်ချက်ထားသော Detail Estimate ရရှိပြီးသည့်အခါတွင် ပြန်လည်စိစစ်မှုများဆောင်ရွက်ရန် လိုအပ်ပါသည်။ (Subject to Check)

(၂) သက်ဆိုင်ရာမီးသတ်ဦးစီးဌာနမှချမှတ်ထားသော လမ်းညွှန်ချက်များအတိုင်းလိုက်နာဆောင်ရွက်မည်ဆိုပါက ကန့်ကွက်ရန်မရှိပါကြောင်း တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

ဥက္ကဋ္ဌ (ကိုယ်စား)
(ကြည်လွင်အတွင်းရေးမှူး)
MIC Projects Assessment Committee
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

မိတ္တူကို – ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
- အတွင်းရေးမှူး၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း MIC Projects Assessment Committee
- Managing Director, Adventure Myanmar Tours & Incentives Co.,Ltd
- ရုံးလက်ခံ / မျှောစာတွဲ

MIC Projects Assessment Committee
Myanmar
Engineering
Society

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့

အဆိုပြုချက်စိစစ်ရေးအဖွဲ့

ဖက်(စ်) ၀၁-၆၅၈၁၃၇

☎ ၀၁-၆၅၈၁၂၉

စာအမှတ်၊မရက-၄/ မ-၁၅၆၃/ ၂၀၁၆(၁၇၈)

ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ လ ၁၃ ရက်

သို့

အဖွဲ့ခေါင်းဆောင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
One Stop Service အဖွဲ့

အကြောင်းအရာ။ **သဘောထားမှတ်ချက် တောင်းခံခြင်း ကိစ္စ**

ရည်ညွှန်းချက် ။
(၁) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ (၁၉-၁၀-၂၀၁၆) ရက်စွဲပါ စာ အမှတ်၊ ၁၈ ဂ(အုပ်ချုပ်မှု)/နပတ/၂၆၂၃

(၂) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၂၇-၁၀-၂၀၁၆) ရက်စွဲပါ စာ အမှတ်၊ မရက-၄/မ-၁၅၆၃/၂၀၁၆(၉၉၀)

(၃) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ (၈-၁၂-၂၀၁၆) ရက်စွဲပါ စာအမှတ်၊ ၁၈ ဂ(အုပ်ချုပ်မှု)/နပတ/၃၀၃၁

၁။ Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၂၈)၊ တောင်ခုတ်လမ်း၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ (၄.၁၆၆)ဧကတွင် BOT စနစ်ဖြင့် ကျိုင်းတုံဟိုတယ်အသစ် လုပ်ငန်းအား လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးအောင်မျိုးမင်းဒင်မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှတစ်ဆင့် ရည်ညွှန်း(၁)ပါ စာဖြင့် အဆိုပြုချက် တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ရည်ညွှန်း(၂)ပါ စာဖြင့် သဘောထား တောင်းခံခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါ ရည်ညွှန်း(၂)ပါ စာဖြင့် သဘောထားတောင်းခံခဲ့သည့် အဆိုပြုချက်အား ယခုအခါ ကုမ္ပဏီမှ သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ရည်ညွှန်း(၃)ပါ စာဖြင့် ပြန်လည် ပြင်ဆင် တင်ပြလာပါသဖြင့် အဆိုပါ ပြင်ဆင်တင်ပြလာသည့် အဆိုပြုချက်အား ပြန်လည် စိစစ်၍ သဘောထား ပြန်ကြားပေးနိုင်ပါရန် အဆိုပြုချက်(တစ်)စောင် ပူးတွဲ ပေးပို့လျက် ညွှန်ကြား မေတ္တာရပ်ခံအပ်ပါသည်။

အဖွဲ့ခေါင်းဆောင်(ကိုယ်စား)
(ဆန်းမြင့်၊ဒုတိယညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

Adventure Myanmar Tours & Incentives Co., Ltd.

ရုံးလက်ခံ / မျှော်စာတွဲ

အထွေထွေအရပ်ရပ်-၁၆
ရုံးတွင်းစာအကျဉ်းချုပ် သို့မဟုတ် စာကြမ်းရေးရန်အတွက်

ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ လ ၁၂ ရက်

အကြောင်းအရာ။ **သဘောထားမှတ်ချက် တောင်းခံခြင်း ကိစ္စ**

၁။ Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၂၈)၊ တောင်ခုတ်လမ်း၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ (၄.၁၆၆)ဧကတွင် BOT စနစ်ဖြင့် ကျိုင်းတုံ ဟိုတယ်အသစ် လုပ်ငန်းအား လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ နှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးအောင်မျိုးမင်းဒင်မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှတစ်ဆင့် အဆိုပြုချက် တင်ပြလာခြင်းအား PAT (၄၀/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပြီး ယင်းအစည်းအဝေးမှ ကျိုင်းတုံ ဟိုတယ် အသစ်အား ပြန်လည် ပြင်ဆင်ခြင်းနှင့် ထပ်မံတိုးချဲ့သည့်အနေဖြင့် လုပ်ငန်း ဆောင်ရွက်လိုပါက စီးပွားရေးဆိုင်ရာ တွက်ချက်မှုများ အပါအဝင် ပြန်လည် ပြင်ဆင်တင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ ကုမ္ပဏီမှ အစည်းအဝေး ဆုံးဖြတ်ချက်နှင့်အညီ ပြင်ဆင်တင်ပြလာသဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနသို့ အဆိုပါ အဆိုပြုချက်အပေါ် စိစစ်၍ သဘောထား ပြန်ကြား ပေးနိုင်ရန်အတွက် တောင်းခံမည့် **စာချော** အား တင်ပြအပ်ပါသည်။

12/12/16
(ဝင်းမို့မို့အေး)
ဦးစီးအရာရှိ

လ/ထ-ညွှန်ကြားရေးမှူး

၃။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ သဘောထားတောင်းခံမည့် [illegible] စာချော [illegible] တင်ပြအပ်ပါသည်။

12/12
([illegible])

ဒု/ညွှန်ကြားရေးမှူး

၄။ ကုမ္ပဏီမှ ပြန်လည်ပြင်ဆင်တင်ပြလာသော အဆိုပြုချက် အား စိစစ်၍ သဘောထား ပြန်ကြားပေးနိုင်ရန် [illegible] ဦးစီးဌာနသို့ ပေးပို့မည့် စာအား တင်ပြအပ်ပါသည်။

12/12/16
([illegible])

ညွှန်ကြားရေးမှူး

၃။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သို့ သဘောထားမှတ်ချက် ထပ်မံတောင်းခံမည့် စာမူကြမ်းကို စစ်ဆေး၍ လက်မှတ်ရေးထိုးပေးပါရန် တင်ပြအပ်ပါသည်။

(မြမြ)
၁၂၊ ၅၊ ၁၆
(မြမြ)

ဦးညွှန်ချုပ်

၁၂.၅.၁၆

ဦးစီး-၁

(မြမြ)
၁၂၊ ၅၊ ၁၆

DWMA
၁၂၊ ၅၊ ၁၆

မြန်မာ-၇၁/ ၅/၁၇၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၁၈ - ဂ (အုပ်ချုပ်မှု)/နပတ/ ၃၀၃၁
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ လ ၈ ရက်။

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **နိုင်ငံပိုင်ငှားရမ်းထားသော ကျိုင်းတုံဟိုတယ်(သစ်)အားမြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ နှစ်ရှည်ငှားရမ်းဆောင်ရွက်ခွင့် ပြုပါရန်အဆိုပြုတင်ပြလာခြင်းကိစ္စ**

ရည် ညွှန်း ချက်။ (၁) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ (၁၇-၃-၂၀၁၆) ရက်စွဲပါစာအမှတ်၊၁၈-ဂ(အုပ်ချုပ်မှု)နပတ/ဂ၈၃၇

(၂) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄-၅-၂၀၁၆) ရက်စွဲပါ စာအမှတ်၊ ရက-၄/မ-ထွေ/၂၀၁၆ (၆၁၁)

(၃) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ (၁၉-၁၀-၂၀၁၆) ရက်စွဲပါစာအမှတ်၊၁၈-ဂ(အုပ်ချုပ်မှု)နပတ/၂၆၂၃

(၄) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ အဆိုပြုချက်စိစစ်ဆေးရေးအဖွဲ့၏ (၇-၁၁-၂၀၁၆) ရက်စွဲပါ စာအမှတ်၊မရက-၄/မ-၁၅၆၃/၂၀၁၆ (၁၀၀၉)

၁။ Adventure Myanmar Tour & Incentive Co., Ltd မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပိုင်၊ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၊ကျိုင်းရင်းရပ်ရှိမြေဧရိယာ(၄.၁၆၆)ဧကပေါ်တွင် BOTစနစ်ဖြင့်ကျိုင်းတုံဟိုတယ်သစ်အားနှစ်ရှည်ငှားရမ်းလုပ်ကိုင်နိုင်ရန်အတွက်မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ဤဝန်ကြီးဌာနမှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ရည်ညွှန်း(၁)ပါစာဖြင့် တင်ပြခဲ့ပါသည်။

၂။ အဆိုပါတင်ပြခဲ့မှုအပေါ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ လုပ်ငန်းအဆိုပြုလွှာ တင်ပြပေးရန်ရည်ညွှန်း(၂)ပါစာဖြင့်ဤဝန်ကြီးဌာနသို့ အကြောင်းကြားလာခဲ့ရာ ကျိုင်းတုံဟိုတယ်သစ်၏ လုပ်ငန်းအဆိုပြုလွှာအား ရည်ညွှန်း(၃)ပါစာဖြင့် တင်ပြပေးခဲ့ပါသည်။

၃။ အဆိုပါတင်ပြခဲ့မှုအပေါ်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ အဆိုပြုချက်စိစစ်ဆေးရေးအဖွဲ့၏(၃၁-၁၀-၂၀၁၆)ရက်နေ့တွင်ကျင်းပသော(၄၀/၂၀၁၆)ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ လိုအပ်ချက်များကိုပြည့်စုံစွာဆောင်ရွက်ပြီး ပြန်လည်တင်ပြပေးရန် ရည်ညွှန်း(၄)ပါ စာဖြင့် အကြောင်းကြားလာခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ ကျိုင်းတုံဟိုတယ်(သစ်)အဆောက်အဦအတွက် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ နှစ်ရှည်ငှားရမ်းဆောင်ရွက်ခွင့်ပြုပါရန် တင်ပြသည့်လုပ်ငန်း အဆိုပြုချက်မှ လိုအပ်လျှက်ရှိသော အချက်အလက်များကို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်ပူးတွဲ၍ ပေးပို့တင်ပြအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(ရည်မွန် ၊ အမြဲတမ်းအတွင်းဝန်)

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
Adventure Myanmar Tour & Incentive Co., Ltd
ရုံးလက်ခံ
မျှော

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၁၈-ဂ (အုပ်ချုပ်မှု) /နပတ/ ၂၆၂၃
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်။

MPF. 2812
20.10.16

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **နိုင်ငံပိုင်ငှားရမ်းထားသောကျိုင်းတုံဟိုတယ် (သစ်)အား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီနှစ်ရှည်ငှားရမ်းဆောင်ရွက်ခွင့်ပြုပါရန်အဆိုပြု တင်ပြလာခြင်းကိစ္စ**

ရည် ညွှန်း ချက်။ (၁) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ (၁၇-၃-၂၀၁၆) ရက်စွဲပါ စာအမှတ်၊၁၈-ဂ(အုပ်ချုပ်မှု)နပတ/၀၈၃၇

(၂) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄-၅-၂၀၁၆)ရက်စွဲပါစာအမှတ် ၊ ရက-၄/မ-ထွေ/၂၀၁၆ (၆၁၁)

၁။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များ အပါအဝင် ပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရ၏ အချိန်နှင့်အမျှပြုပြင်ပြောင်းလဲ ဆောင်ရွက်ပေးမှုကို ပွင့်လင်းမြင်သာစွာတွေ့ရှိနိုင်ရေး၊ နိုင်ငံပိုင်ဟိုတယ်များ အဆင့်အတန်းမြင့်မားရေး၊ နှစ်ကာလကြာမြင့်စွာ ဆက်လက်တည်ရှိနိုင်ရေး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ လုပ်ငန်းဆောင်ရွက်မှု ပိုမိုအဆင်ပြေလျောမွေ့စေရေးအတွက်နိုင်ငံပိုင်ငှားရမ်းထားသော ဟိုတယ်များကို မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ငှားရမ်းလုပ်ကိုင်ခွင့်ပြုနိုင်ပါရန် ရည်ညွှန်းချက် (၁)ပါစာဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အဆိုပါတင်ပြချက်အပေါ် ကျိုင်းတုံဟိုတယ်(သစ်)အဆောက်အဦအား မြန်မာနိုင်ငံသား ဥပဒေ၊ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ နှစ်ရှည်ငှားရမ်းဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာသည့်ကိစ္စ နှင့်စပ်လျဉ်း၍ အဆိုပြုချက်အား ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှတဆင့်တင်ပြရန်မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းချက် (၂) ပါစာဖြင့် အကြောင်းကြားလာပါသည်။

၃။ ယခုအခါ မြေဧရိယာ (၄.၁၆၆) ဧကပေါ်ရှိ ကျိုင်းတုံဟိုတယ်(သစ်)အဆောက်အဦအား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီနှစ်ရှည်ငှားရမ်းဆောင်ရွက်ခွင့်ပြုပါရန်မြေအသုံး ချခငွေကျပ်သန်း(၂၀၀)၊နှစ်စဉ်မြေငှားရမ်းခတစ်နှစ်လျှင်ကျပ်သန်း (၁၈၅) ပေးသွင်းပြီး၊ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုအမေရိကန်ဒေါ်လာ(၂.၆၅၅)သန်းအပါအဝင်မြန်မာငွေကျပ်သန်း(၄၉၀၀)ဖြင့်ကနဦး နှစ် (၅၀)+၁၀+၁၀ ငှားရမ်းလုပ်ကိုင်ခွင့်ပြုပါရန် Adventure Myanmar Tours & Incentives Co., Ltd မှ လုပ်ငန်းအဆိုပြုလွှာပေးပို့တင်ပြလာပါသည်။

၄။ သို့ဖြစ်ပါ၍ ကျိုင်းတုံဟိုတယ်(သစ်)အဆောက်အဦအတွက် မြန်မာနိုင်ငံသားများရင်း နှီး မြှုပ်နှံမှုဥပဒေနှင့်အညီနှစ်ရှည်ငှားရမ်းဆောင်ရွက်ခွင့်ပြုပါရန် မူလငှားရမ်းထား သည့် Adventure Myanmar Tours & Incentives Co., Ltd ၏အဆိုပြုတင်ပြလာခြင်းအပေါ်ဆက်လက်ဆောင် ရွက်နိုင်ပါရန်ပူးတွဲပေးပို့တင်ပြအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(ရည်မွန် ၊ အမြဲတမ်းအတွင်းဝန်)

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန

ရုံးလက်ခံ

မျှော

MM3-1275
8/12

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
MYANMAR ENGINEERING SOCIETY

Hlaing Universities' Campus, Hlaing Township, Yangon, Myanmar
Tel : 95-1-519673 ~ 76, Fax : 95-1-519681
E-mail:mes@mptmail.net.mm, Website: www.mes.org.mm

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ မအသ / MIC/ ၀၅၃၇ / ၂၀၁၆။

ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်။

အကြောင်းအရာ ။ ။ **Adventure Myanmar Tours & Incentives Co.,Ltd ၏ BOT စနစ်ဖြင့် ကိုးတိုက်တိုက်တာယ်အသစ် လုပ်ငန်း ဆောင်ရွက်ရန် သဘောထားမှတ်ချက် ထပ်မံ တောင်းခံ ထားသည့် ကိစ္စ။**

ရည်ညွှန်းချက် ။ ။(၁)မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၅.၁၀.၂၀၁၆ ရက်စွဲပါ စာအမှတ်၊ မရက-၄/မ-၁၅၆၃/၂၀၁၆(၉၉၂)။
(၂)မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ၂.၁၁.၂၀၁၆ ရက်စွဲပါစာအမှတ်၊မအသ/ MIC/၀၈၂၀/၂၀၁၆။
(၃)မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ၆.၁၁.၂၀၁၆ ရက်စွဲပါစာအမှတ်၊မအသ/ MIC/၀၈၅၉/၂၀၁၆။
(၄)မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၈.၁၁.၂၀၁၆ ရက်စွဲပါ စာအမှတ်၊ မရက-၄/မ-၁၅၆၃/၂၀၁၆(၁၀၄၀)။
(၅)မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ၅.၁၂.၂၀၁၆ ရက်စွဲပါစာအမှတ်၊မအသ/ MIC/၀၉၉၆/၂၀၁၆။

၁။ အထက်ပါအကြောင်းအရာကိစ္စ နှင့် ပတ်သတ်၍ ရည်ညွှန်းချက်(၁) ပါစာအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ (၂၅.၁၀.၂၀၁၆) ရက်နေ့တွင် ပေးပို့ခဲ့ရာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း မှ (၃၁.၁၀.၂၀၁၆) ရက်နေ့တွင် လက်ခံရရှိခဲ့ပါသည်။

၂။ ၎င်းစာတွင် Adventure Myanmar Tours & Incentives Co.,Ltd ၏ BOT စနစ်ဖြင့် ကိုးတိုက်ဟိုတယ်အသစ်လုပ်ငန်း စီမံကိန်းနှင့် ပတ်သက်သည့် Drawing များမပြည့်စုံသောကြောင့် ရည်ညွှန်းချက်(၂) ပါစာဖြင့် တောင်းခံခဲ့ပါသည်။ (၃.၁၁.၂၀၁၆) တွင် Architectural Drawings လာရောက်ပေးပို့ခဲ့သည်။ ကျန်ရှိနေသော Google Map နှင့် M&E Drawing အား ရည်ညွှန်းချက်ပါ (၃) စာဖြင့် တောင်းခံခဲ့ပါသည်။ (၂.၁၂.၂၀၁၆) တွင် Google Map,Plan နှင့် Section များ လာရောက်ပေးပို့ခဲ့ပါသည်။

၃။ ရည်ညွှန်းချက်(၄)ပါစာအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ (၂၈.၁၁.၂၀၁၆) ရက်နေ့တွင် ပေးပို့ခဲ့ရာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း မှ (၆.၁၂.၂၀၁၆) ရက်နေ့တွင် လက်ခံရရှိခဲ့ပါသည်။ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအနေ ဖြင့် Adventure Myanmar Tours & Incentives Co.,Ltd သို့ ACMV ၏ လိုအပ်ချက်များ နှင့် M&E Drawing အား ရည်ညွှန်းချက်ပါ (၅) စာဖြင့် ဆက်လက်တောင်းခံထားပါသည်။

၄။ သို့ဖြစ်ပါ၍ Adventure Myanmar Tours & Incentives Co.,Ltd မှ တောင်းခံထားသော လိုအပ်ချက်များအား ရရှိပြီးမှသာလျှင် သဘောထားမှတ်ချက်ပြန် ကြားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

ဥက္ကဋ္ဌ (ကိုယ်စား)
(ကြည်လွင်အတွင်းရေးမှူး)
MIC Projects Assessment Committee
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

မိတ္တူကို
- ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
- ဥက္ကဋ္ဌ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း MIC Projects Assessment Committee
- Managing Director, Adventure Myanmar Tours & Incentives Co.,Ltd
- ရုံးလက်ခံ / မျှောစာတွဲ

၇.၁၂.၁၆ ၄.၅၁ (Fax ပို့ပြီး)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

MYANMAR ENGINEERING SOCIETY

Hlaing Universities' Campus, Hlaing Township, Yangon, Myanmar

Tel : 95-1-519673 ~ 76, Fax : 95-1-519681

E-mail:mes@mptmail.net.mm, Website: www.mes.org.mm

သို့

Managing Director

Adventure Myanmar Tours & Incentives Co.,Ltd

စာအမှတ် ၊ မအသ / MIC/ ၁၅၉၆ / ၂၀၁၆။

ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ၊ (၇)ရက်။

အကြောင်းအရာ ။ ။**Adventure Myanmar Tours & Incentives Co.,Ltd ၏ BOT စနစ်[illegible] ကျူးတုတုတာယ [illegible] ကိစ္စ။**

ရည်ညွှန်းချက် ။ ။(၁)မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ [illegible] ၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ပရက–၄/ပ–၁၅၆၃/၂၀၁၆(၉၉၂)။

(၂)မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ [illegible] ၂၀၁၆ ရက်စွဲပါစာအမှတ်၊မအသ/ MIC/၁၁၂၀/၂၀၁[illegible]

(၃)မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ၂၆ ၁၁ ၂၀၁၆ ရက်စွဲပါစာအမှတ်၊မအသ/ MIC/၁၅၅၉/၂၀[illegible]

[illegible]

၂။ ရည်ညွှန်း Adventure Myanmar Tours & Incentives Co.,Ltd ၏ BOT စနစ်ဖြင့် [illegible] စီမံကိန်းနှင့် ပတ်သက်သည့် Drawing (A4 size) သာပါရှိပါသည်။ သို့ဖြစ်ပါ၍ စိစစ်ရန် လိုအပ်သော Architectural Drawin[illegible] ,Google Map, Site Location Plan,Site Layout ,M&E Drawing [illegible] ပါစာဖြင့် အကြောင်းကြားခဲ့ပါသည်။ (၁.၁၁. ၂၀၁၆) တွင် Architectural Drawings လာရောက်ပေးပို့ခဲ့သည်။ကျန်ရှိနေသော M&[illegible] Drawing [illegible] ရည်ညွှန်းချက်ပါ (၃) [illegible] ACMV [illegible] ပူးတွဲတင်ပြအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Adventure Myanmar Tours & Incentives Co.,Ltd မှပေးပို့ရန်ကျန်ရှိသော ACMV ၏ လိုအပ်ချက်[illegible] နှင့် M&E Drawing အား ဆောလျင်စွာ ဆောင်ရွက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

(ကြည်ပြင်းမြင့်ဖော်ပြချက်)

MIC Projects Assessment Committee

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

မိတ္တူကို – ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

– ဥက္ကဋ္ဌ၊ MIC Projects Assessment Committee

– ရုံးလက်ခံ / မျှောစာတွဲ

WM3-909 5/12

အထွေထွေအရပ်ရပ်-၁၆

ရုံးတွင်းစာအကျဉ်းချုပ် သို့မဟုတ် စာကြမ်းရေးရန်အတွက်

ရက်စွဲ၊ ၂၀၁၆ ခုနှစ် အောက်တိုဘာ လ ၂၆ ရက်

အကြောင်းအရာ။ **Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ (၄.၁၆၆)ဧကတွင် ကျိုင်းတုံ ဟိုတယ်အသစ်အား ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်း ကိစ္စ**

၁။ Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၂၈)၊ တောင်ခုတ်လမ်း၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ (၄.၁၆၆)ဧကတွင် ကျိုင်းတုံ ဟိုတယ် အသစ်လုပ်ငန်းအား လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ နှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးအောင်မျိုးမင်းဒင်မှ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှတစ်ဆင့် အဆိုပြုချက် တင်ပြလာခြင်းအား PAT(၄၀/၂၀၁၆)အစည်းအဝေးသို့ တင်ပြမည်ဖြစ်ပါသည်။

၂။ သို့ပါ၍ Adventure Myanmar Tours & Incentives Co., Ltd.၏ ကုမ္ပဏီဆိုင်ရာ အချက်အလက်များအား စစ်ဆေးပေးနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

(မြစန္ဒာ)

ညွှန်ကြားရေးမှူး

ညွှန်ကြားရေးမှူး(ကုမ္ပဏီဌာနခွဲ)

၃။

DWMMA

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့

အဆိုပြုချက်စိစစ်ရေးအဖွဲ့

ဖက်(စ) ၀၁-၆၅၈၁၃၇
☎ ၀၁-၆၅၈၁၂၉

စာအမှတ်၊မရက-၄/မ-၁၅၆၃/၂၀၁၆(၁၀၄၉)
ရက်စွဲ ၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာ လ ၃၀ရက်

သို့

ပြည်ထောင်စုဝန်ကြီးရုံး
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

အကြောင်းအရာ။ **အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ (၄၀/၂၀၁၆)အစည်းအဝေး ဆုံးဖြတ်ချက်နှင့်အညီ ပြင်ဆင်တင်ပြရန် ထပ်မံ အကြောင်းကြားခြင်း ကိစ္စ**

ရည်ညွှန်းချက် ။ (၁) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ (၁၉-၁၀-၂၀၁၆) ရက်စွဲ ပါ စာအမှတ်၊ ၁၈ ဂ(အုပ်ချုပ်မှု)/နပတ/၂၆၂၃
(၂) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၇-၁၁-၂၀၁၆) ရက်စွဲပါ စာအမှတ်၊ မရက-၄/မ-၁၅၆၃/၂၀၁၆(၁၀၀၉)

၁။ Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ် (၂၈)၊ တောင်ခုတ်လမ်း၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ (၄.၁၆၆)ဧကတွင် BOT စနစ်ဖြင့် ကျိုင်းတုံ ဟိုတယ်အသစ်လုပ်ငန်းအား လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ နှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးအောင်မျိုးမင်းဒင်မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှတစ်ဆင့် ရည်ညွှန်းပါ စာဖြင့် အဆိုပြုချက် တင်ပြလာခြင်းကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် နေ့တွင် ကျင်းပသော အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ (၄၀/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပြီး အစည်းအဝေး ဆုံးဖြတ်ချက်အား ရည်ညွှန်း(၁)ပါ စာဖြင့် အကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။

၂။ သို့ရာတွင် သက်ဆိုင်ရာ ဌာနနှင့် ကုမ္ပဏီတို့ထံသို့ ရည်ညွှန်း(၁)ပါ စာဖြင့် အကြောင်းကြားခဲ့သော်လည်း အစည်းအဝေး ဆုံးဖြတ်ချက်အရ ပြန်လည် ပြင်ဆင်တင်ပြရမည့် အချက်များအား ယနေ့တိုင် တင်ပြလာခြင်း မရှိသေးပါသဖြင့် ဆောလျင်စွာ တင်ပြပေးပါရန် ညှိနှိုင်းအကြောင်းကြားအပ်ပါသည်။

အဖွဲ့ခေါင်းဆောင်(ကိုယ်စား)
(ဆန်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

Adventure Myanmar Tours & Incentives Co., Ltd.

ရုံးလက်ခံ/ မျှောစာတွဲ

ရုံးတွင်းစာအကျဉ်းချုပ် သို့မဟုတ် စာကြမ်းရေးရန်အတွက်

ရက်စွဲ၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာ လ ၂၅ ရက်

အကြောင်းအရာ။ **အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ (၄၀/၂၀၁၆)အစည်းအဝေး ဆုံးဖြတ်ချက်နှင့်အညီ ပြင်ဆင်တင်ပြရန် ထပ်မံ အကြောင်းကြားခြင်း ကိစ္စ**

၁။ Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၂၈)၊ တောင်ခုတ်လမ်း၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ (၄.၁၆၆)ဧကတွင် BOT စနစ်ဖြင့် ကျိုင်းတုံ ဟိုတယ်အသစ်လုပ်ငန်းအား လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ နှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးအောင်မျိုးမင်းဒင်မှ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှတစ်ဆင့် အဆိုပြုချက် တင်ပြလာခြင်းကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် နေ့တွင် ကျင်းပသော အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ (၄၀/၂၀၁၆) ကြိမ် မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပြီး အစည်းအဝေး ဆုံးဖြတ်ချက်အား အကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။

၂။ သို့ရာတွင် ကုမ္ပဏီမှ အစည်းအဝေး ဆုံးဖြတ်ချက်နှင့်အညီ ပြင်ဆင်တင်ပြလာခြင်း မရှိသေးပါသဖြင့် ထပ်မံ အကြောင်းကြားမည့် **စာချော** အား တင်ပြအပ်ပါသည်။

25/11/16

(ဝင်းမို့မို့အေး)

ဦးစီးအရာရှိ

လ/ထ-ညွှန်ကြားရေးမှူး

၃။ အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်နှင့် အညီ ပြင်ဆင် တင်ပြလာခြင်း မရှိသေးသဖြင့် အဆိုပြုသူထံသို့ ထပ်မံ အကြောင်းကြားမည့် စာချော အား တင်ပြအပ်ပါသည်။

25/11

(ဘုန်းဘုန်းဦး)

ဒု/ညွှန်ကြားရေးမှူး

၄။ တင်ရန်

ညွှန်ကြားရေးမှူး

၅။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသို့ ထပ်မံအကြောင်းကြားမည့် စာချော [illegible] တင်ပြအပ်ပါသည်။

(မြနှင်း)

DWMMA

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့

အဆိုပြုချက်စိစစ်ရေးအဖွဲ့

ဖက်(စ) ၀၁-၆၅၈၁၃၇

☎ ၀၁-၆၅၈၁၂၉

စာအမှတ်၊မရက-၄/မ-၁၅၆၃/၂၀၁၆(၁၀၀၉)

ရက်စွဲ ၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာ လ ၇ ရက်

သို့

ပြည်ထောင်စုဝန်ကြီးရုံး
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

အကြောင်းအရာ။ **အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ (၄၀/၂၀၁၆)အစည်းအဝေး ဆုံးဖြတ်ချက်အား အကြောင်းကြားခြင်း ကိစ္စ**

ရည်ညွှန်းချက် ။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ (၁၉-၁၀-၂၀၁၆) ရက်စွဲပါ စာအမှတ်၊ ၁၈ ဂ(အုပ်ချုပ်မှု)/နပတ/၂၆၂၃

၁။ Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ် (၂၈)၊ တောင်ခုတ်လမ်း၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ (၄.၁၆၆)ဧကတွင် BOT စနစ်ဖြင့် ကျိုင်းတုံဟိုတယ်အသစ်လုပ်ငန်းအား လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးအောင်မျိုးမင်းဒင်မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှတစ်ဆင့် ရည်ညွှန်းပါ စာဖြင့် အဆိုပြုချက် တင်ပြလာခြင်းကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် နေ့တွင် ကျင်းပသော အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ (၄၀/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်-

(က) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြသည့် အထောက်အထား တင်ပြရန်။

(ခ) လုပ်ငန်းဆောင်ရွက်မည့် တည်နေရာပြမြေပုံနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အမည်ပေါက် မြေအထောက်အထား တင်ပြရန်။

(ဂ) ပြည်ပမှ တင်သွင်းမည့် စက်ပစ္စည်းစာရင်းနှင့် ပြည်တွင်းမှ ဝယ်ယူသုံးစွဲမည့် စာရင်းများ ပြန်လည် စိစစ်တင်ပြရန်။

(ဃ) ပြင်ဆင် ချုပ်ဆိုမည့် မြေငှားစာချုပ်(မူကြမ်း)အား ပြည့်စုံစွာ ပြင်ဆင်တင်ပြရန် နှင့် တည်ဆောက်ရေးကာလ ပြန်လည် စိစစ်တင်ပြရန်။

(င) ကျိုင်းတုံဟိုတယ် အသစ်အား ပြန်လည် ပြင်ဆင်ခြင်းနှင့် ထပ်မံတိုးချဲ့သည့်အနေဖြင့် လုပ်ငန်းဆောင်ရွက်လိုပါက စီးပွားရေးဆိုင်ရာ တွက်ချက်မှုများ အပါအဝင် ပြန်လည် ပြင်ဆင်တင်ပြရန်။

၂။ သို့ဖြစ်ပါ၍ အထက်စာပိုဒ်(၁)ပါ ဆုံးဖြတ်ချက်များအား ပြင်ဆင်ဆောင်ရွက်ပြီးပါက ပြန်လည်တင်ပြပေးပါရန်နှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ်အဖြစ် ဆောင်ရွက်ရန် လက်ခံနိုင်သည့် လုပ်ငန်းဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

အဖွဲ့ခေါင်းဆောင်(ကိုယ်စား)
(ဆန်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

Adventure Myanmar Tours & Incentives Co., Ltd.

ရုံးလက်ခံ/ မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

အဆိုပြုချက်စိစစ်ရေးအဖွဲ့

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့ နံနက် ၉း၀၀နာရီတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှ ရုံး အမှတ်(၁)သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင် ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ အဆိုပြုချက် စိစစ်ရေးအဖွဲ့၏ (၄၀/၂၀၁၆) ကြိမ်မြောက် အစည်းအဝေ မှတ်တမ်း

အစည်းအဝေးတက်ရောက်သည့် အဖွဲ့ဝင်များ/ ကိုယ်စားတက်ရောက်သူများ

ဦးခင်မောင်သွင် — အဖွဲ့ဝင်
ဒုတိယအထွေထွေမန်နေဂျာ(အင်ဂျင်နီယာ)
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

ဦးတင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

ဦးထွန်းသန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ဦးတင်လတ် — ကိုယ်စား
ညွှန်ကြားရေးမှူး
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဦးမျိုးသန့် — ကိုယ်စား
ဒုတိယညွှန်ကြားရေးမှူး
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ဦးမြင့်ခိုင် — ကိုယ်စား
လက်ထောက်ညွှန်ကြားရေးမှူး
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

ဦးတင်စန်းမင်း

ဦးစီးအရာရှိ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန

ကိုယ်စား

အထူးဖိတ်ကြားခြင်းဖြင့် တက်ရောက်သူများ

ဒေါ်မြသူဇာ

တွဲဖက်အတွင်းရေးမှူး

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ဦးဆန်းမြင့်

ဒုတိယညွှန်ကြားရေးမှူးချုပ်(၁)

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ဒေါက်တာခင်စောလှ

ညွှန်ကြားရေးမှူး

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန

ဦးအောင်ကျော်ဦး

ညွှန်ကြားရေးမှူး

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ပြန်ကြားရေးဝန်ကြီးဌာန

ဦးအောင်မျိုးသန့်

ဒုတိယညွှန်ကြားရေးမှူး

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ပြန်ကြားရေးဝန်ကြီးဌာန

ဒေါ်မိုးစန္ဒာထွန်း

မန်နေဂျာ

မြန်မာ့ဆေးဝါးလုပ်ငန်း

စက်မှုဝန်ကြီးဌာန

ဒေါ်စုစု

လက်ထောက်ညွှန်ကြားရေးမှူး

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

အစည်းအဝေးမတက်ရောက်နိုင်သည့်အဖွဲ့ဝင်များ (တာဝန်)

ဦးအောင်နိုင်ဦး အဖွဲ့ခေါင်းဆေ
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ဦးသန်းအေး အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ဦးမိုးကျော်အေး အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ဦးစိုးဝင်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ဦးဝင်းလွင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဒေါ်မီမီတင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

ရည်ရွယ်ချက်

၁။ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ တိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံသူများမှ သိရှိလိုသည့် အချက်များအား ရှင်းလင်းဆွေးနွေး လမ်းညွှန်ပေးရန်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် အစည်းအဝေးသို့မတင်ပြမီ လိုအပ်ချက်များ ပြည့်စုံစေရန်အတွက် ညှိနှိုင်းဆွေးနွေးရန်။

အစည်းအဝေးမှ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် G&U (Myanmar) Fashion Co., Ltd. တည်ထောင်ကာ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက်တင်ပြလာခြင်းကိစ္စအား အောက်ပါအတိုင်း ဆုံးဖြတ်ပါသည်-

(က) ပြည်ပမှတင်သွင်းမည့် စက်ပစ္စည်းစာရင်း ပြန်လည်စိစစ်တင်ပြရန်။

(ခ) ငွေကြေးလဲလှယ်နှုန်းထားအား Form-1 နှင့် နောက်ဆက်တွဲ တွက်ချက်မှုတို့တွင် ကိုက်ညီမှုရှိအောင် ပြင်ဆင်တင်ပြရန်။

(ဂ) သဘောထားများစုံလင်ပြီး လိုအပ်ချက်များ ပြင်ဆင်တင်ပြလာပါက ကော်မရှင် အစည်းအဝေးသို့ တင်ပြရန်။

၇။ **Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ(၄.၁၆၆)ဧကတွင် ကျိုင်းတုံဟိုတယ်အသစ်အား မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ**

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြစန္ဒာက အမှာစာကို ဖတ်ကြားပြီး ကုမ္ပဏီမှ ရှင်းလင်းတင်ပြရန် ဖိတ်ခေါ်ပါသည်။

ကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာ ဒေါ်အေးအေးမြင့်က မိမိတို့ကုမ္ပဏီသည် ကျိုင်းတုံဟိုတယ် အသစ်လုပ်ငန်း လုပ်ကိုင်မည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မည့်နေရာမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ တောင်ခုတ်လမ်း၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ(၄.၁၆၆)ဧကပေါ်တွင်ဖြစ်ကြောင်း၊ လက်ရှိ ဟိုတယ်တွင် အခန်း(၁၀၈)ခန်းရှိပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနထံမှ တင်ဒါစနစ်ဖြင့် ရွေးချယ် အောင်မြင်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့မှစ၍ (၁၅)နှစ် ငှားရမ်းခွင့်ရရှိခဲ့ပါကြောင်း၊ တိုင်းရင်းသား လုပ်ငန်းရှင်များ နှစ်ရှည်လုပ်ငန်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ မြေငှားသက်တမ်းအား ကနဦး နှစ်(၅၀)နှင့် သက်တမ်းတိုး (၁၀)နှစ် (၂)ကြိမ် ခွင့်ပြုပေးသဖြင့် အဆိုပြု ချက်တင်ပြခြင်းဖြစ်ကြောင်း၊ လက်ရှိဟိုတယ်အပြင် အခန်း(၆၄)ခန်းပါ ကျိုင်းတုံဟိုတယ်အသစ် ဆောက် လုပ်မည်ဖြစ်ပြီး လက်ရှိလုပ်ငန်းဆောင်ရွက်ခြင်း (၄)နှစ်ပြည့်ပြီး (၅)နှစ်မြောက်မှစ၍ စတင်ဆောက်လုပ် မည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရန် တည်ဆောက်ရေးကာလမှာ (၇)နှစ်ဖြစ်ပြီး စုစုပေါင်းမတည် ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၂.၆၆ သန်း အပါအဝင် ကျပ် ၄၉၀၀ သန်းဖြစ်ကြောင်း၊ ယခင်က ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသို့ နှစ်စဉ်မြေငှားရမ်းခသာပေးရပြီး ယခုမြေအသုံးချမှုပရီမီယံကြေး ကိုပါ ပေးရမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ဝန်ထမ်းများအား ဟိုတယ်လုပ်ငန်းသင်တန်း (၃)လပေးနေပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ကာ လိုအပ်သည့်သင်တန်းများ ပေးသွားမည်ဖြစ် ကြောင်း ရှင်းလင်းတင်ပြပါသည်။

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုစုက ကုမ္ပဏီသည် ဟိုတယ်လုပ်ငန်းနှင့်ပတ်သက်၍ သိရှိပြီးဖြစ်သဖြင့် သီးခြားပြောကြားရန် မရှိပါကြောင်း၊ လက်ရှိ ကျိုင်းတုံ ဟိုတယ်ကို Upgrade လုပ်မည်ဖြစ်ပြီး နောက်(၅)နှစ်ကြာလျှင် အခန်း(၆၄)ခန်းပါ ကျိုင်းတုံဟိုတယ် အသစ်ဆောက်လုပ်မည်ဖြစ်ကြောင်း၊ ကုမ္ပဏီအနေနှင့် ဟိုတယ်လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးမြှင့်အောင် လုပ်ကိုင်ပေးစေလိုကြောင်း၊ ယခုကုမ္ပဏီမှ ဟိုတယ်အသ ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ မိမိတို့ဝန်ကြီးဌာနမှ စီးပွားရေးရာကော်မတီနှင့် ပြည်ထောင်စုအစို အဖွဲ့တို့သို့ လုပ်ငန်းဆောင်ရွက်ခွင့် ပြန်လည်တင်ပြထားခြင်းရှိ-မရှိကို စုံစမ်းပြီး တင်ပြပေးမည်ဖြစ်ကြော ကျိုင်းတုံဟိုတယ်(ဟောင်း)သည် နောင်တုံကန်နားတွင်ရှိပြီး ယခုကျိုင်းတုံဟိုတယ်(သစ်)မှာ သီးခြားနေ တွင်ရှိပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မည့် မြေနှင့်ပတ်သက်၍ မြေပုံ၊မြေရာဇဝင်အား ပြည်ထောင် ဝန်ကြီးရုံးသို့ မေးမြန်းစုံစမ်းပြီး ပြန်လည်တင်ပြမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပါသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် တွဲဖက်အတွင်းရေးမှူး ဒေါ်မြသူဇာက လက်ရှိကျိုင်း ဟိုတယ်နှင့် ထပ်မံဆောက်လုပ်မည့် ကျိုင်းတုံဟိုတယ်အသစ်တို့တွင် အထပ်မည်မျှပါရှိသည်ကို သိလိုပြ ဝင်ငွေခွန်ကင်းလွတ်ခွင့် မည်သို့စတင်ခံစားမည်ကို သိလိုကြောင်း၊ လက်ရှိ ကျိုင်းတုံဟိုတယ်နှင့် ထပ် ဆောက်လုပ်မည့် ကျိုင်းတုံဟိုတယ်အသစ်တို့မှာ မြေနေရာတူ-မတူ သိလိုကြောင်း၊ လက်ရှိကျိုင်း ဟိုတယ်အား Upgrade လုပ်မည်ဖြစ်၍ တည်ဆောက်ရေးကာလအား ကျိုင်းတုံဟိုတယ်အသ အတွက်သာ တင်ပြစေလိုကြောင်း၊ လက်ရှိဟိုတယ်နှင့် ဟိုတယ်အသစ်တို့အတွက် ဝင်ပေါက်၊ထွက်ပေါ မည်ကဲ့သို့ရှိသည်ကို သိလိုပြီး Layout Plan ပိုင်းခြားဖော်ပြပေးရန်လိုကြောင်း၊ ဟိုတယ်နှင့်ခရီးသွာ လာရေးဝန်ကြီးဌာနတွင် လုပ်ငန်းဆောင်ရွက်မည့် မြေနှင့်ပတ်သက်ပြီး မြေပုံ၊မြေရာဇဝင်ရှိပါက တင်ပြ ပေးရန်လိုကြောင်း၊ အဆိုပြုချက်ပါ နောက်ဆက်တွဲ-၅ အဆောက်အဦ လိုအပ်ချက်တွင် Phase I Main Building တစ်လုံးဖော်ပြထားပြီး Phase II တွင် Deluxe Building (၂)လုံးတင်ပြထားသည်ကို တွေ့ရကြောင်း၊ ကုမ္ပဏီအနေဖြင့် လက်ရှိ ကျိုင်းတုံဟိုတယ်အား Upgrade လုပ်ခြင်းကို ဟိုတယ်နှ ခရီးသွားလာရေးဝန်ကြီးဌာနသို့ တင်ပြရန်ဖြစ်ပြီး ကျိုင်းတုံဟိုတယ်အသစ် ဆောက်လုပ်၍ လုပ်ငန် ဆောင်ရွက်လိုပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်တင်ပြနိုင်ပါကြောင်း၊ သို့ရာတွင် ကုမ္ပဏီသည် လက်ရှိ ကျိုင်းတုံဟိုတယ်အား ပြုပြင်နေရင်း ဟိုတယ်လုပ်ငန်းဆောင်ရွက်နေမည်ဖြစ်ပြီ (၅)နှစ်မြောက်မှ ကျိုင်းတုံဟိုတယ်အသစ်အား ဆောက်လုပ်မည်ဟု ပြောကြားလာသဖြင့် အဆိုပါကာလ မှသာ အဆိုပြုချက်တင်ပြစေလိုကြောင်း ဆွေးနွေးပြောကြားပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(၁) ဦးဆန်းမြင့်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အနေဖြင့် လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းအဟောင်းအား လုပ်ငန်းဆောင်ရွက်ခွင့် အဆိုပြုချက် တင်ပြလာပါက ခွင့်ပြုပေး၍ မရပါကြောင်း၊ အဆိုပြုချက်တွင် လက်ရှိလုပ်ငန်းဆောင်ရွက်နေသော ဟိုတယ်နေရာနှင့် ဟိုတယ်အသစ် ဆောက်လုပ်မည့်နေရာတို့အား ဖော်ပြပေးရန်လိုကြောင်း၊ ကုမ္ပဏီမှ ယခုတင်ပြလာသော အဆိုပြုချက်၌ မြေငှားရမ်းအသုံးပြုခွင့်ကိစ္စအား ယခုအစိုးရသစ်လက်ထက်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ လုပ်ငန်းဆောင်ရွက်ခွင့် ပြန်လည်တင်ပြရန် လိုမည်ဖြစ်ကြောင်း၊ အဆိုပြုချက်တွင် တည်ဆောက်ရေးကာလ အား (၇)နှစ်ဖော်ပြထားသဖြင့် ပြန်လည်စိစစ်ပေးရန်နှင့် တည်ဆောက်ရေးကာလအတွင်း ကျိုင်းတုံဟိုတယ် အသစ်ဆောက်လုပ်ရန်ရှိ-မရှိ သိလိုကြောင်း ဆွေးနွေးပြောကြားပါသည်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်က အဆိုပြုချက် တွင် လုပ်ငန်းဆောင်ရွက်မည့်မြေ၏မြေပုံ တင်ပြထားခြင်းမရှိပါသဖြင့် တင်ပြပေးရန်လိုကြောင်း၊ ကျိုင်းတုံ ဟိုတယ်(ဟောင်း)ရှိသည့်နေရာနှင့် ကျိုင်းတုံဟိုတယ်(သစ်)ရှိသည့်နေရာမှာ မတူကြောင်း၊ လက်ရှိကျိုင်းတုံ

ဟိုတယ်၏ Layout Plan သာ တင်ပြထားသဖြင့် ကျိုင်းတုံဟိုတယ်အသစ်၏ Layout Plan တင်ပြ
ရန်လိုကြောင်း ဆွေးနွေးပြောကြားပါသည်။

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဒုတိယအထွေထွေမန်နေဂျာ (အင်ဂျင်နီယ
ဦးခင်မောင်သွင်က လုပ်ငန်းဆောင်ရွက်မည့်နေရာတွင် ကျိုင်းတုံဟိုတယ်ရှိပြီးဖြစ်၍ လျှပ်စစ်ဓာတ်အ
ရရှိပြီးဖြစ်ကြောင်း၊ ကျိုင်းတုံဟိုတယ်အသစ် ဆောက်လုပ်ပါက လက်ရှိထရန်စဖော်မာအား ဆက်လ
အသုံးပြုမည် သို့မဟုတ် ထရန်စဖော်မာအသစ် ထပ်မံတပ်ဆင်ရန်ရှိ-မရှိ သိလိုကြောင်း ဆွေးနွေးပြေ
ကြားပါသည်။

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဦးက လုပ်ငန်းဆောင်ရွ
မည့်နေရာတွင် 315 KVA Transformer တပ်ဆင်ထားသည်ဟု သိရပြီး ထရန်စဖော်မာအသစ် ထပ
တပ်ဆင်မည်ဆိုပါက Electrical Inspection ဌာန၏စစ်ဆေးမှု ခံယူရန်လိုကြောင်း၊ ဟိုတယ်အသ
ဆောက်လုပ်ပြီး၍ ဟိုတယ်အတွင်း မီးကြိုးသွယ်တန်းခြင်း မပြီးသေးပါက Diagram နှင့်တကွ တင်ပြရ
လိုပြီး ကျွမ်းကျင်သူနှင့်လုပ်ကိုင်ရန် လိုပါကြောင်း၊ အားလုံးပြီးပါက Electrical Inspection ဌာန
စစ်ဆေးမှုခံယူရမည်ဖြစ်ကြောင်း၊ လက်ရှိတွင် မီးစက်တပ်ဆင်ထားခြင်းရှိ-မရှိ သိလိုပြီး ထပ်မံတပ်ဆ
ရန်ရှိပါက အသုံးမပြုမီ စစ်ဆေးမှုခံယူရန်လိုပါကြောင်း ဆွေးနွေးပြောကြားပါသည်။

အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသန့်က လက်ရှိကျိုင်းတုံဟိုတယ်တွ
အခန်းမည်မျှပါဝင်သည်ကို သိလိုကြောင်း၊ ပြည်ပမှစက်ပစ္စည်းများ တင်သွင်းရန် လိုင်စင်လျှောက်သ
အခါ Specification ပြည့်စုံစွာ ဖော်ပြပေးရန်လိုကြောင်း ဆွေးနွေးပြောကြားပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းသန်းက Adventure Myanmar Tour
& Incentives Co., Ltd. သည် မည်သည့်အခွန်ရုံးတွင် အခွန်ပေးဆောင်သည်ကို သိလိုပြီး ၂၀၁၅
၂၀၁၆ဘဏ္ဍာရေးနှစ်အတွက် အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထား တင်ပြပေးရန်လိုကြောင
ကျိုင်းတုံဟိုတယ်(သစ်) ငှားရမ်းခြင်းဆိုင်ရာ နှစ်ဘက်သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ် ဇူလိုင်လ၏
မည်သည့်နေ့ရက်တွင် ချုပ်ဆိုခဲ့သည်ကိုသိလိုပြီး တံဆိပ်ခေါင်းခွန် ပေးဆောင်ထားသည်ကို တွေ့ရကြောင
မြေငှားရမ်းခပေါ်တွင် လစဉ် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပ
သည်။

ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်လတ်က အဆိုပြုချက်ပါ နောက်ဆက်တွဲ-(၄-၆
Phase I ဟိုတယ် Renovation အတွက် ပြည်တွင်း၌ဝယ်ယူမည့် ပစ္စည်းစာရင်းတွင် Cemen
တစ်အိတ်လျှင် ကျပ် ၆၅၀၀ နှုန်းတင်ပြထားပြီး နောက်ဆက်တွဲ-(၅-၁) Phase II အတွက် ပြည်ပမ
တင်သွင်းမည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းစာရင်းတွင် Cement တစ်အိတ်လျှင် ကျပ် ၇၅၀
နှုန်းဖြစ်နေကြောင်း၊ ပစ္စည်းအမျိုးအစားတူပြီး ပြည်တွင်း၊ပြည်ပဝယ်ယူမည့်ဈေးနှုန်း မတူသကဲ့သို့ အခြား
ပစ္စည်းများမှာလည်း အမျိုးအစားတူပြီး ဈေးနှုန်းမတူခြင်းများ ပါရှိနေသဖြင့် ပြန်လည်စိစစ်ပြင်ဆင်ပေး
ရန်လိုကြောင်း ဆွေးနွေးပြောကြားပါသည်။

ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်စန်းမင်းက ကျိုင်းတုံဟိုတယ်တွင်
အခန်း(၁၀၈)ခန်းရှိပြီး ဆောက်လုပ်မည့် ကျိုင်းတုံဟိုတယ်အသစ်တွင် အခန်း(၆၄)ခန်း ပါဝင်မည်ဟုသိရ

ပါကြောင်း၊ လက်ရှိဟိုတယ်အား Renovation လုပ်ခြင်းဖြစ်ပါက ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစ
(Environmental Management Plan-EMP) အစီရင်ခံစာ ရေးဆွဲရန်လိုကြောင်း၊ ဟိုတယ်အခ
အရေအတွက်မှာ အခန်း(၂၀၀)အောက်၊ အခန်း(၈၀)နှင့်အထက်ဖြစ်ပါက ကနဦး ပတ်ဝန်းကျင် ဆန်းစ
ခြင်း (Initial Environmental Examination-IEE) အစီရင်ခံစာ ရေးဆွဲရန်လို ကြောင်း၊ ဟိုတယ်အခ
အရေအတွက်မှာ အခန်း(၂၀၀)နှင့်အထက်ဖြစ်ပါက ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း (Environment
Impact Assessment-EIA)အစီရင်ခံစာ ရေးဆွဲရန်လိုကြောင်း၊ ကုမ္ပဏီအနေဖြင့် ဟိုတယ်တည်ဆော
ရေးကာလအား (၇)နှစ်တင်ပြထားပြီး ဆောက်လုပ်မည့်အခန်းအရေအတွက် ပြောင်းလဲသွားပါက မိမိ
ဌာနသို့ ပြန်လည်တင်ပြပေးရန်လိုပြီး ဌာနမှ မည်သည့်အစီရင်ခံစာ ရေးဆွဲရမည်ကို စိစစ်အကြောင်းပြ
ကြားပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပါသည်။

ကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာ ဒေါ်အေးအေးမြင့်က တည်ဆောက်ရေးကာလ(၇)နှစ် အနက
ကနဦး(၄)နှစ်တွင် လက်ရှိ ကျိုင်းတုံဟိုတယ်အား Renovation လုပ်ရင်း ဟိုတယ်လုပ်ငန်းဆောင်ရွက
သွားမည်ဖြစ်ပြီး (၅)နှစ်မြောက်မှ ကျိုင်းတုံဟိုတယ်အသစ်ကို ဆောက်လုပ်မည်ဟု စီစဉ်ထားပါကြောင
လက်ရှိဟိုတယ်မှာ တစ်ထပ်အဆောက်အဦဖြစ်ပြီး ထပ်မံဆောက်လုပ်မည့် ဟိုတယ်အသစ်မှာ အထ
(၃)ထပ်ပါအဆောင်(၂)ဆောင်ဖြစ်ပြီး တစ်ဆောင်လျှင် အခန်း(၃၂)ခန်းပါဝင်ပါကြောင်း၊ လက်ရှိဟိုတ
နှင့် ထပ်မံဆောက်လုပ်မည့် ဟိုတယ်အသစ်တို့မှာ မြေဧရိယာ(၄.၁၆၆)ဧကအတွင်း၌သာရှိပြီး ဝင်ပေါက
ထွက်ပေါက်မှာလည်း တစ်ပေါက်တည်းဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မည့်နေရာတွင် 315 KV
Transformer တပ်ဆင်ထားပြီး ဟိုတယ်အသစ်ဆောက်လုပ်ပြီးစီး၍ လျှပ်စစ်ဓာတ်အား မလုံလော
ပါက ထရန်စဖော်မာအသစ် ထပ်မံတပ်ဆင်မည်ဖြစ်ကြောင်း၊ Adventure Myanmar Tours & Incentive
Co., Ltd. သည် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးတွင် အခွန်ပေးဆောင်နေပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှ
အတွက် အခွန်ပေးဆောင်ရန် တင်ပြထားဆဲဖြစ်ကြောင်း၊ လက်ရှိတွင် ဟိုတယ်လုပ်ငန်းအတွက် အခွ
ပေးဆောင်ခြင်းကို ဟိုတယ်တည်ရှိသည့်နေရာအလိုက် ပေးဆောင်နေပါကြောင်း၊ ကျိုင်းတုံဟိုတယ်(သစ
ဌားရမ်းခြင်းဆိုင်ရာ နှစ်ဖက်သဘောတူစာချုပ်ကို ၂၀၁၅ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် တံဆိပ်ခေါင်းခွ
ပေးဆောင်ခဲ့ပါကြောင်း၊ အဆိုပြုချက်တွင် လိုအပ်ချက်များနှင့် ပြင်ဆင်တင်ပြပေးရန် ရှိသည်များက
ပြန်လည်ပြင်ဆင်တင်ပြပေးမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြပါသည်။

အစည်းအဝေးမှ Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ်နှင့်ခရီး
သွားလာရေးဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ (၄.၁၆၆)
ဧကတွင် ကျိုင်းတုံဟိုတယ်အသစ်အား မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြု
ပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စအား အောက်ပါအတိုင်း ဆုံးဖြတ်ပါသည်-

(က) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြသည့်
အထောက်အထားတင်ပြရန်။

(ခ) လုပ်ငန်းဆောင်ရွက်မည့် တည်နေရာပြမြေပုံနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
အမည်ပေါက် မြေအထောက်အထား တင်ပြရန်။

(ဂ) ပြည်ပမှတင်သွင်းမည့် စက်ပစ္စည်းစာရင်းနှင့် ပြည်တွင်းမှဝယ်ယူသုံးစွဲမည့် စာရင်းများ
ပြန်လည်စိစစ်တင်ပြရန်။

(ဃ) ပြင်ဆင်ချုပ်ဆိုမည့် မြေငှားစာချုပ်(မူကြမ်း)အား ပြည့်စုံစွာပြင်ဆင်တင်ပြရန်နှင့် တည်ဆော
ရေးကာလ ပြန်လည်စိစစ်တင်ပြရန်။

(င) ကျိုင်းတုံဟိုတယ်အသစ်အား ပြန်လည်ပြင်ဆင်ခြင်းနှင့် ထပ်မံတိုးချဲ့သည့်အနေဖြင့် လုပ်င
ဆောင်ရွက်လိုပါက စီးပွားရေးဆိုင်ရာတွက်ချက်မှုများအပါအဝင် ပြန်လည်ပြင်ဆင်တင်ပြ

ဆုံးဖြတ်ချက်

၈။ အစည်းအဝေးမှ အောက်ပါတို့ကို ဆုံးဖြတ်ပါသည်-

(က) ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Wilmar Myanmar Flour Mills Limited မှ ဂျုံစက်ရုံများ တည်ထောင်လည်ပတ်ခြင်းဖြင့် ဂျုံပစ္စည်းများ ထုတ်လုပ်ခြင်း၊ ဂျုံပစ္စည်းများအား ဈေးကွက်ရှာဖွေခြင်း၊ ဖြန့်ဖြူးခြင်း နှင့် ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက်တင်ပြလာခြင်းကိစ္စနှင့်စပ်လျဉ်း၍-

(၁) လုပ်ငန်းအမျိုးအစား၊ Sub Lease Agreement (မူကြမ်း) ပြင်ဆင်တင်ပြရန်။

(၂) စက်နှင့်စက်ကိရိယာ ပစ္စည်းများအား ပြည်တွင်းဝယ်၊ပြည်ပဝယ် ခွဲခြားဖော်ပြရန်။

(၃) ထုတ်လုပ်မည့်ကုန်ချောပစ္စည်းစာရင်း ပြန်လည်စိစစ်တင်ပြရန်နှင့် ရောင်းချမည့်စနစ်တင်ပြရန်။

(၄) စက်ရုံ Layout Plan နှင့် Lab Equipment ပြည့်စုံစွာဖော်ပြရန်။

(၅) EIA အစီရင်ခံစာအား ယခုစက်ရုံအတွက် သီးခြားတင်ပြရန်။

(၆) ကော်မရှင်အစည်းအဝေးမတိုင်မီ တည်ဆောက်မည့်စက်ရုံ၏ Bill of Quantity (BQ) တင်ပြရန်။

(၇) သဘောထားများစုံလင်ပြီး လိုအပ်ချက်များ ပြင်ဆင်၍ ပြည့်စုံစွာ တင်ပြလာပါက ကော်မရှင် အစည်းအဝေးသို့တင်ပြရန်။

(ခ) Paradiso Cinemas Co., Ltd. မှ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရုပ်ရှင်ရုံများဆောက်လုပ်ပြီး ရုပ်ရှင်ပြသခြင်းနှင့် ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအထောက်အပံ့ပေးခြင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စနှင့် စပ်လျဉ်း၍-

(၁) လုပ်ငန်းအမျိုးအစား၊ မြေငှားစာချုပ်နှင့် ဖက်စပ်စာချုပ်(မူကြမ်း) များ ပြင်ဆင်တင်ပြရန်။

(၂) ပြည်ပမှတင်သွင်းမည့် စက်ပစ္စည်းစာရင်းနှင့် ပြည်တွင်း၌ဝယ်ယူမည့် ရုံးသုံးပစ္စည်းစာရင်း ပြန်လည်စိစစ်တင်ပြရန်။

ဆောင်ရွက်

အဆိုပြုချ
စိစစ်ရေးအ
Wilmar
Myanmar F
Mills Limite

အဆိုပြုချက်
စိစစ်ရေးအဖွဲ့
Paradiso
Cinemas
Co., Ltd.

ဆုံးဖြတ်ချက်

(၃) ချေးငွေရယူမည့် အစီအစဉ်၊ ပြန်လည်ပေးဆပ်မည့် အစီအစဉ်နှင့် ငွေကြေးအထောက်အထား တင်ပြရန်။

(၄) လုပ်ငန်းဆောင်ရွက်မည့်မြေအား မြေဂရန်အမည်ပေါက်ရရှိအောင် ဆောင်ရွက်ရန်။

(၅) သဘောထားများစုံလင်ပြီး လိုအပ်ချက်များ ပြည့်စုံစွာ ပြင်ဆင် တင်ပြလာပါက ကော်မရှင် အစည်းအဝေးသို့တင်ပြရန်။

(ဂ) ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် G&U (Myanmar) Fashion Co., Ltd. တည်ထောင်ကာ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စနှင့် စပ်လျဉ်း၍-

(၁) ပြည်ပမှတင်သွင်းမည့်စက်ပစ္စည်းစာရင်း ပြန်လည်စိစစ်တင်ပြရန်။

(၂) ငွေကြေးလဲလှယ်နှုန်းထားအား Form-1 နှင့် နောက်ဆက်တွဲတွက်ချက်မှုတို့တွင် ကိုက်ညီမှုရှိအောင် ပြင်ဆင်တင်ပြရန်။

(၃) သဘောထားများစုံလင်ပြီး လိုအပ်ချက်များ ပြည့်စုံစွာပြင်ဆင် တင်ပြလာပါက ကော်မရှင်အစည်းအဝေးသို့တင်ပြရန်။

(ဃ) Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ(၄.၁၆၆)ဧကတွင် ကျိုင်းတုံဟိုတယ်အသစ်အား မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စနှင့် စပ်လျဉ်း၍-

(၁) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြသည့်အထောက်အထား တင်ပြရန်။

(၂) လုပ်ငန်းဆောင်ရွက်မည့် တည်နေရာပြမြေပုံနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အမည်ပေါက် မြေအထောက်အထား တင်ပြရန်။

(၃) ပြည်ပမှတင်သွင်းမည့် စက်ပစ္စည်းစာရင်းနှင့် ပြည်တွင်းမှဝယ်ယူသုံးစွဲမည့်စာရင်းများ ပြန်လည်စိစစ်တင်ပြရန်။

(၄) ပြင်ဆင်ချုပ်ဆိုမည့် မြေငှားစာချုပ်(မူကြမ်း)အား ပြည့်စုံစွာပြင်ဆင် တင်ပြရန်နှင့် တည်ဆောက်ရေးကာလ ပြန်လည်စိစစ်တင်ပြရန်။

(၅) ကျိုင်းတုံဟိုတယ်အသစ်အား ပြန်လည်ပြင်ဆင်ခြင်းနှင့် ထပ်မံတိုးချဲ့သည့်အနေဖြင့် လုပ်ငန်းဆောင်ရွက်လိုပါက စီးပွားရေးဆိုင်ရာ

ဆောင်ရွက်

အဆိုပြုချ
စိစစ်ရေးအ
G&U (Myanm
Fashion
Co., Ltd.

အဆိုပြုချက်
စိစစ်ရေးအဖွဲ့
Adventure
Myanmar
Tours &
Incentives
Co., Ltd.

၂၃

ဆုံးဖြတ်ချက်

တွက်ချက်မှုများအပါအဝင် ပြန်လည်ပြင်ဆင်တင်ပြရန်။

၉။ အစည်းအဝေးကို နံနက်(၁၁း၅၅) နာရီတွင် ရုပ်သိမ်းပါသည်။

ဆောင်ရွက်

မှတ်တမ်းတင်

(မြစန္ဒာ)

ညွှန်ကြားရေးမှူး

စာအမှတ်၊ မရက- ၆/ ၁/ ၂၀၁၆ (၁၇၄၀)

ရက်စွဲ ၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၃ ရက်

ဖြန့်ဝေခြင်း

အစည်းအဝေးတက်ရောက်သူများအားလုံး

MB-778
28/11

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

MYANMAR ENGINEERING SOCIETY

Hlaing Universities' Campus, Hlaing Township, Yangon, Myanmar
Tel : 95-1-519673 ~ 76, Fax : 95-1-519681
E-mail:mes@mptmail.net.mm, Website: www.mes.org.mm

သို့

Managing Director

Adventure Myanmar Tours & Incentives Co.,Ltd

စာအမှတ်၊ မအသ / MIC/၀၈၉/ ၂၀၁၆။

ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ၊ (၂၆)ရက်။

အကြောင်းအရာ ။ ။**Adventure Myanmar Tours & Incentives Co.,Ltd ၏ BOT စနစ်ဖြ ကျိုင်းတုံ့တိုတယ် အသစ်လုပ်ငန်း ဆောင်ရွက်ရန် သဘောထားမှတ်ချ တောင်းခံထားသည့်ကိစ္စ။**

ရည်ညွှန်းချက် ။ ။(၁)မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၇.၁၀.၂၀၁၆ ရက်စွဲပါ စာအမှတ်၊ မရက-၄/မ-၁၅၆၃/၂၀၁၆(၉၉၂)။

(၂)မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ၂.၁၁.၂၀၁၆ ရက်စွဲပါစာအမှတ်၊မအသ/ MIC/၀၈၂၀/ ၂၀၁၆။

၁။ အထက်ပါအကြောင်းအရာကိစ္စနှင့် ပတ်သက်၍ ရည်ညွှန်းချက်(၁) ပါစာအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ (၂၇.၁၀.၂၀၁၆) ရက်နေ့တွင် ပေးပို့ခဲ့ရာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း မှ (၃၁.၁၀.၂၀၁၆) ရက်နေ့တွင် လက်ခံရရှိခဲ့ပါသည်။

၂။ ၎င်းစာတွင် Adventure Myanmar Tours & Incentives Co.,Ltd ၏ BOT စနစ်ဖြင့် ကျိုင်းတုံ့တိုတယ်အသစ်လုပ်ငန်း စီမံကိန်းနှင့် ပတ်သက်သည့် Drawing (A4 size) သာပါရှိပါသည်။ သို့ဖြစ်ပါ၍ စိစစ်ရန် လိုအပ်သော Architectural Drawings ,Google Map, Site Location Plan,Site Layout ,M&E Drawing မပါရှိပါသဖြင့် လာရောက်ပေးပို့ပါရန် ရည်ညွှန်းချက်(၂) ပါစာဖြင့် အကြောင်းကြားခဲ့ပါသည်။ (၃.၁၁.၂၀၁၆) တွင် Architectural Drawings လာရောက်ပေးပို့ခဲ့သည်။

၃။ သို့ဖြစ်၍ ကျန်ရှိသော Google Map, Site Location Plan,Site Layout ,M&E Drawing တို့အား ယနေ့ထိ တပါတ်ကျော်ကြာပြီဖြစ်သော်လည်း လာရောက်ပေးပို့ခြင်းမရှိသဖြင့် အမြန်ဆုံးပေးပို့ပါရန် အကြောင်းကြားအပ်ပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)
(ကြည်လွင်၊အတွင်းရေးမှူး)
MIC Projects Assessment Committee
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

မိတ္တူကို -
- ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်
- ဥက္ကဋ္ဌ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း MIC Projects Assessment Committee
- ရုံးလက်ခံ၊ မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့

ဖက်(စ်) ၀၁-၆၅၈၁၃၇

☎ -၀၁-၆၅၈၁၂၉

စာအမှတ်၊မရက-၄/မ-၁၅၆၃/၂၀၁၆(၁၀၃၉)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာ လ ၂၈ ရက်

သို့

ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး

အကြောင်းအရာ။ **သဘောထားမှတ်ချက် ထပ်မံ တောင်းခံခြင်း ကိစ္စ**

ရည်ညွှန်းချက် ။ (၁) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ (၁၉-၁၀-၂၀၁၆) ရက်စွဲပါ စာအမှတ်၊ ၁၈ ဂ(အုပ်ချုပ်မှု)/နပတ/၂၆၂၃
(၂) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၂၇-၁၀-၂၀၁၆) ရက်စွဲပါစာ အမှတ်၊ မရက-၄/မ-၁၅၆၃/၂၀၁၆(၉၉၁)

၁။ Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၂၈)၊ တောင်ခုတ်လမ်း၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ (၄.၁၆၆)ဧကတွင် BOT စနစ်ဖြင့် ကျိုင်းတုံဟိုတယ်အသစ်လုပ်ငန်းအား လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးအောင်မျိုးမင်းဒင်မှ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှတစ်ဆင့် ရည်ညွှန်း(၁)ပါ စာဖြင့် အဆိုပြုချက် တင်ပြလာခြင်းအား ရည်ညွှန်း (၂) ပါစာဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးထံသို့ သဘောထားမှတ်ချက် တောင်းခံခဲ့ပါသည်။

၂။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၉) ပုဒ်မ ၁၈(ခ)အရ အဆိုပြုလွှာကို လက်ခံရရှိသည့် အချိန်မှစ၍ ရက်ပေါင်း(၉၀)အတွင်း ခွင့်ပြုမိန့်ကို ထုတ်ပေးရမည်ဖြစ်ပါသည်။

၃။ သို့ရာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးမှ သဘောထား ပြန်ကြားချက် မရရှိသေးပါသဖြင့် ကော်မရှင် အစည်းအဝေးသို့ တင်ပြနိုင်ရန်အတွက် အဆိုပြုလုပ်ငန်းအပေါ် စိစစ်၍ သဘောထားမှတ်ချက်အား **ဆောလျင်စွာ** ပြန်ကြားပေးပါရန် ထပ်မံ၍ ညွှန်ကြားမေတ္တာရပ်ခံအပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(မြသူဇာ၊တွဲဖက်အတွင်းရေးမှူး)

မိတ္တူကို
ပြည်ထောင်စုဝန်ကြီးရုံး
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

Adventure Myanmar Tours & Incentives Co., Ltd.

ရုံးလက်ခံ / မှော်စာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့

ဖက်(စ်) ၀၁-၆၅၈၁၃၇
☎- ၀၁-၆၅၈၁၂၉

စာအမှတ်၊ မရက-၄/မ-၁၅၆၃/၂၀၁၆ (၁၀၄၀)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာ လ ၂၈ ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

အကြောင်းအရာ။ **သဘောထားမှတ်ချက် ထပ်မံ တောင်းခံခြင်း ကိစ္စ**

ရည်ညွှန်းချက် ။ (၁) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ (၁၉-၁၀-၂၀၁၆) ရက်စွဲ ပါ စာအမှတ်၊ ၁၈ ဂ(အုပ်ချုပ်မှု)/နပတ/၂၆၂၃

(၂) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၂၇-၁၀-၂၀၁၆) ရက်စွဲပါ စာ အမှတ်၊ မရက-၄/မ-၁၅၆၃/၂၀၁၆(၉၉၂)

၁။ Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၂၈)၊ တောင်ခုတ်လမ်း၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ (၄.၁၆၆)ဧကတွင် BOT စနစ်ဖြင့် ကျိုင်းတုံ ဟိုတယ်အသစ် လုပ်ငန်းအား လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးအောင်မျိုးမင်းဒင်မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှတစ်ဆင့် ရည်ညွှန်း(၁)ပါ စာဖြင့် အဆိုပြုချက် တင်ပြလာခြင်းအား ရည်ညွှန်း(၂)ပါ စာဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသို့ သဘောထားမှတ်ချက် တောင်းခံခဲ့ပါသည်။

၂။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၉) ပုဒ်မ ၁၈(ခ)အရ အဆိုပြုလွှာကို လက်ခံရရှိသည့် အချိန်မှစ၍ ရက်ပေါင်း(၉၀)အတွင်း ခွင့်ပြုမိန့်ကို ထုတ်ပေးရမည်ဖြစ်ပါသည်။

၃။ သို့ရာတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ သဘောထား ပြန်ကြားချက် မရရှိသေးပါသဖြင့် ကော်မရှင် အစည်းအဝေးသို့ တင်ပြနိုင်ရန်အတွက် အဆိုပြုလုပ်ငန်းအပေါ် စိစစ်၍ သဘောထားမှတ်ချက်အား **ဆောလျင်စွာ** ပြန်ကြားပေးပါရန် ထပ်မံ၍ ညှိနှိုင်းမေတ္တာရပ်ခံအပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(မြသူဇာ၊တွဲဖက်အတွင်းရေးမှူး)

မိတ္တူကို
ပြည်ထောင်စုဝန်ကြီးရုံး
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

Adventure Myanmar Tours & Incentives Co., Ltd.

ရုံးလက်ခံ / မျှော်စာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အဆိုပြုချက်စိစစ်ရေးအဖွဲ့

စာအမှတ်၊မရက-၄/မ-၁၅၆၃/၂၀၁၆(၉၈၉)
ရက်စွဲ၊၂၀၁၆ခုနှစ် အောက်တိုဘာ လ ၂၄ ရက်

အဆိုပြုချက်စိစစ်ရေးအဖွဲ့သို့တင်ပြသည့်

အမှာစာ

အကြောင်းအရာ။ **Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ (၄.၁၆၆)ဧကေတွင် ကျိုင်းတုံ ဟိုတယ်အသစ်အား ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်း ကိစ္စ**

၁။ Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၂၈)၊ တောင်ခုတ်လမ်း၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ (၄.၁၆၆)ဧကေတွင် BOT စနစ်ဖြင့် ကျိုင်းတုံ ဟိုတယ်အသစ်လုပ်ငန်းအား လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးအောင်မျိုးမင်းဒင်မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှတစ်ဆင့် အဆိုပြုချက် တင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ကော်မရှင်ရုံးအဖွဲ့မှ Check List ဖြင့် စိစစ်ခဲ့ပြီး Check List ပါ လိုအပ်ချက်များအား ပြည့်စုံစွာ ထပ်မံပေးပို့ပါရန် ကုမ္ပဏီသို့ ပြောကြားပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ အမှတ်(၅) ရပ်ကွက်၊ အကွက် အမှတ်(၂၈)၊ တောင်ခုတ်လမ်း၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ (၄.၁၆၆) ဧကေတွင် ကျိုင်းတုံ ဟိုတယ် အသစ်လုပ်ငန်းအား လုပ်ကိုင်ဆောင်ရွက်ခွင့်အတွက် အဆိုပြုချက် တင်ပြလာခြင်းအပေါ် အဖွဲ့ဝင်များနှင့် ဌာနများမှ ကြိုတင်စိစစ်ချက်အရ လိုအပ်ချက်များ၊ ပြင်ဆင် ဖြည့်စွက်ရန် ကိစ္စများ၊ လုပ်ထုံးလုပ်နည်းနှင့် မညီညွတ်သည့်ကိစ္စများကို ဆွေးနွေးနိုင်ပါရန် တင်ပြအပ်ပါသည်။

အဖွဲ့ခေါင်းဆောင်(ကိုယ်စား)
(မြစန္ဒာ၊ ညွှန်ကြားရေးမှူး)

မိတ္တူကို
ရုံးလက်ခံ/မျှောစာတွဲ

Adventure Myanmar Tours and Incentives Co., Ltd. မှ ကျိုင်းတုံ ဟိုတယ် အသစ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခွင့် နှင့်စပ်လျဉ်းသည့် အဓိကအချက်များ

၁။	ကုမ္ပဏီအမည်	- Adventure Myanmar Tours and Incentives Co., Ltd.
၂။	လုပ်ငန်းအဆိုပြုသူအမည်	- ဦးအောင်မျိုးမင်းဒင်
၃။	အဆိုပြုလုပ်ငန်းအမျိုးအစား	- ကျိုင်းတုံ ဟိုတယ် အသစ်လုပ်ငန်း
၄။	လုပ်ငန်းတည်နေရာ / မြေအကျယ်အဝန်း	- ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ အမှတ်(၅) ရပ်ကွက်၊ အကွက် အမှတ်(၂၈)၊ တောင်ခုတ်လမ်း၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ (၄.၁၆၆) ဧက
၅။	နှစ်စဉ်မြေငှားရမ်းခ	- ကျပ် ၁၈၅ သန်း (သို့မဟုတ်) စုစုပေါင်းဝင်ငွေ၏ ၅ %
၆။	မြေအသုံးချမှုပရီမီယံကြေး	- ကျပ် ၂၀၀ သန်း
၇။	လျှပ်စစ်ဓါတ်အားသုံးစွဲမှု	- 320 KVA
၈။	**စုစုပေါင်းရင်းနှီးမြှုပ်နှံမှု** - ငွေသား - စက်ပစ္စည်းတန်ဖိုး - လုပ်ငန်းသုံးပစ္စည်းများတန်ဖိုး - အဆောက်အဦ	- **ကျပ် ၄၉၀၀.၀၀ သန်း(US$ ၂.၆၆ သန်း အပါအဝင်)** - ကျပ် ၅၁၈.၀၈ သန်း - ကျပ် ၁၅၇.၂၀ သန်း(US$ ၀.၁၃ သန်း) - ကျပ် ၂၃၉၄.၄၈ သန်း(US$ ၂.၀၀ သန်း) - ကျပ် ၁၈၃၀.၂၃ သန်း(US$ ၀.၅၃ သန်း အပါအဝင်)
၉။	ရင်းနှီးမြှုပ်နှံမှုသက်တမ်း	- ကနဦး နှစ်(၅၀)
၁၀။	တည်ဆောက်ရေးကာလ	- ၇ နှစ်
၁၁။	ဝန်ဆောင်မှု(၆)နှစ် မြောက်	Hotel (see table below)

Hotel

စဉ်	အခန်း အမျိုးအစား	အခန်း အရေ အတွက်	ဝန်ဆောင်ခနှုန်း (တစ်နေ့/ တစ်ခန်းလျှင်)	
			US$	ကျပ်
(က)	Superior	၈	၄၀	၄၀,၀၀၀
(ခ)	Junior Suite	၉၀	၇၀	၆၀,၀၀၀
(ဂ)	Suite	၁၀	၈၀	၈၀,၀၀၀
	စုစုပေါင်း	**၁၀၈**		

၁၂။	ဝင်ငွေ (၆ နှစ်မြောက်)	- ကျပ် ၇၅၆.၀၃ သန်း
၁၃။	အသားတင်အမြတ် (၆ နှစ်မြောက်)	- ကျပ် ၅၃.၇၂ သန်း
၁၄။	နိုင်ငံတော်မှရရှိမည့်အကျိုးအမြတ် (၆ နှစ်မြောက်) - ဝင်ငွေခွန် - ကုန်သွယ်လုပ်ငန်းခွန် - အရင်းကြေကာလ - အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း	 - ကျပ် ၁၇.၉၁ သန်း - ကျပ် ၃၉.၇၉ သန်း - ၁၁ နှစ် ၉ လ - ၁၀.၉၄ %
၁၅။	ဝန်ထမ်းအင်အား	- ပြည်တွင်း ၁၃၁ ဦး (ပြည်တွင်း ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံး လစာမှာ ကျပ် ၁၀၀,၀၀၀ ဖြစ်ပြီး အမြင့်ဆုံးလစာမှာ ကျပ် ၈၀၀,၀၀၀ ဖြစ်ပါသည်။)
၁၆။	ငွေကြေးအထောက်အထား	- နိုင်ငံခြား ငွေကြေး အထောက်အထားအဖြစ် Adventure Myanmar Tours and Incentives Co., Ltd. အမည်ဖြင့် Myanma Foreign Trade Bank ၌ (၂၂-၁-၂၀၁၆)နေ့စွဲရှိ စာရင်းဖွင့် ငွေလက်ကျန် US$ ၂၃၀၂၀၅.၀၂ ရှိကြောင်း တင်ပြထားပါသည်။ - ကျပ်ငွေ အထောက်အထားအဖြစ် ဒါရိုက်တာဖြစ်သူ ဒေါ်အေးအေးမြင့် အမည်ဖြင့် AYA Bank ၌ စာရင်းဖွင့် ငွေလက်ကျန် ကျပ် ၅၁၁၁.၈၇ သန်း ရှိကြောင်း တင်ပြထားပါသည်။
၁၇။	မြေငှားရမ်းစာချုပ်(မူကြမ်း)ပါ တင်ပြချက်များ	- ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ သဘောထား မှတ်ချက် နှင့်အညီ ပြင်ဆင် ချုပ်ဆိုမည့် B.O.T စာချုပ် (မူကြမ်း)ပါ အဓိကအချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်- (၁)နှစ်စဉ် မြေငှားရမ်းခအဖြစ် ကျပ် ၁၈၅.၀၀ သန်းကို တစ်နှစ်လျှင် နှစ်ကြိမ် ပေးသွင်းရမည် ဖြစ်သည်။ **ပြင်ဆင်စာချုပ်အပိုဒ်-၄(ခ)** (၂)မြေအသုံးချမှု ပရီမီယံကြေးအဖြစ် ကျပ် ၂၀၀.၀၀ သန်းကို တစ်ဖက်ပါအတိုင်း ပေးသွင်းရမည် ဖြစ်သည်- **ပြင်ဆင်စာချုပ်အပိုဒ်-၄(ဂ)**

		(က) BOT စာချုပ် လက်မှတ်ရေးထိုးသည့်နေ့မှ ၁ လအတွင်း ၅၀ % (ခ) BOT စာချုပ် လက်မှတ်ရေးထိုးသည့်နေ့မှ ၁ နှစ်အတွင်း ကျန် ၅၀ % (၃)နှစ်စဉ် မြေငှားရမ်းခ နှုန်းထားကို (၃)နှစ် တစ်ကြိမ် နှစ်ဖက် ပြန်လည် ညှိနှိုင်း သုံးသပ်၍ ငှားရမ်းခ ထပ်မံ တိုးမြှင့်မည်ဆိုပါက ယင်း တိုးမြှင့်မည့် နှုန်းသည် မူလ ငှားရမ်းခ၏ (၁၀%) ထက် မကျော်လွန်စေရ။ **ပြင်ဆင်စာချုပ်အပိုဒ်-၄(ဆ)** (၄)အငှားချထားခြင်းခံရသူသည် စာချုပ်သက်တမ်း တိုးမြှင့်လိုပါက ကနဦး သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး(၃)လ ကြိုတင်၍ အငှားချထားသူသို့ စာဖြင့် အကြောင်းကြား တင်ပြရမည်။ ကနဦး နှစ် (၅၀)ငှားရမ်းပြီး တစ်ကြိမ်လျှင် (၁၀) နှစ်ဖြင့် သက်တမ်း(၂)ကြိမ်အထိ တိုးမြှင့်နိုင်သည်။ စာချုပ် သက်တမ်းတိုးမြှင့်ခြင်းသည် နှစ်ဖက် သဘောတူညီချက် ရရှိပြီး မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှု ကော်မရှင်၏ အတည်ပြုချက်ရရှိမှသာ အတည် ဖြစ်စေရမည်။ **ပြင်ဆင်စာချုပ်အပိုဒ်-၈(ခ)**
၁၈။	အခြားတင်ပြချက်များ	- လုပ်ငန်း၏ နှစ်စဉ်အသားတင် အမြတ်ငွေ ၂% အား လူမှုရေးဆိုင်ရာ တာဝန်ယူမှု(CSR)အဖြစ် သုံးစွဲသွားမည့် အစီအစဉ် နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်း သာယာရေးစီမံချက်အစီအစဉ်၊ မီးဘေး ကြိုတင်ကာကွယ်ရေး စီမံချက် နှင့် လုပ်ငန်းခွင် သာယာရေးနှင့်ဝန်ထမ်း သက်သာ ချောင်ချိရေး စီမံချက် အစီအစဉ်တို့အား တင်ပြထားပါသည်။ - အဆောက်အဦအကွက်ချပုံစံ (Site Plan) အဆောက်အဦ အမျိုးအစားအလိုက်၏ အရေ အတွက် ပုံစံ (Drawing)များအား တင်ပြထားပါသည်။ - BOT စနစ်ဖြင့် ငှားရမ်းခြင်းဆိုင်ရာ ပြင်ဆင်ချက် သဘောတူစာချုပ်(မူကြမ်း)အား ပြည်ထောင်စု ရှေ့နေချုပ်ရုံး သဘောထား မှတ်ချက်နှင့်အညီ ပြင်ဆင်ထားပြီး ဖြစ်ပါသည်။

၁၉။	ကော်မရှင် ရုံးအဖွဲ့မှ စိစစ်တင်ပြချက်	- ဝင်ငွေ၊ နိုင်ငံတော်မှ ရရှိမည့် အကျိုးအမြတ် နှင့် အရင်းအနှီးပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) တို့မှာ ကုမ္ပဏီမှ တင်ပြချက်အရ ဖော်ပြထားခြင်းသာဖြစ်ပါသည်။ - တင်ပြထားသည့် ဒီဇိုင်းအရ ဆောက်လုပ်မည့် အဆောက်အဦမှာ ၃ ထပ် အဆောက်အဦ ဖြစ်ပါသည်။ - ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ နိုင်ငံပိုင် မြေနှင့် အဆောက်အဦများအား ငှားရမ်းခွင့်အတွက် ၂၀၁၅ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့တွင် ကျင်းပခဲ့သော စီးပွားရေးရာကော်မတီ အစည်းအဝေး (၁၃/၂၀၁၅)သို့ တင်ပြခွင့်ပြုချက် ရရှိခဲ့ပြီး ကော်မရှင်သို့ တင်ပြရန် ဆုံးဖြတ်ခဲ့သဖြင့် အဆိုပြုချက်များ တင်ပြခြင်းဖြစ်ကြောင်း တင်ပြထားပါသည်။ - မြေငှားရမ်းသည့် မူလ စာချုပ်အား ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် ချုပ်ဆိုခဲ့ပြီး မြေငှားရမ်းသည့် သက်တမ်းကာလမှာ ၁၅ နှစ် ဖြစ်ပါသည်။ - မူလ မြေငှားရမ်းခနှုန်းထား နှင့် ယခု ပြင်ဆင် ချုပ်ဆိုမည့် မြေငှားရမ်းခနှုန်းထားတို့မှာ ကျပ် ၁၈၅ သန်း ဖြစ်ပါသည်။ - ပြင်ဆင် ချုပ်ဆိုမည့် မြေငှားရမ်းစာချုပ်တွင် မြေအသုံးချမှုပရီမီယံကြေး ကျပ် ၂၀၀.၀၀ သန်း ပေးသွင်းရမည်ဟု ပါရှိပြီး မူလ စာချုပ်တွင် မပါရှိပါ။ - ပြင်ဆင် ချုပ်ဆိုမည့် မြေငှားရမ်းစာချုပ်တွင် စာချုပ်သက်တမ်းအား တိကျစွာ ဖော်ပြပေးရန် လိုအပ်ပါသည်။ - ပြင်ဆင်ချုပ်ဆိုမည့် မြေငှားရမ်းစာချုပ် ချုပ်ဆိုမည်ဆိုပါက မူလ ချုပ်ဆိုခဲ့ပြီးသည့် စာချုပ်အား ရပ်စဲမည့် စာပိုဒ် ထည့်သွင်းဖော်ပြထားခြင်း မပါရှိပါ။ - စာချုပ်လက်မှတ်ရေးထိုးမည့် နေရာတွင် သက်ဆိုင်သည့် ဌာနအမည် မှန်ကန်မှု ရှိ-မရှိအား ပြန်လည်စိစစ်ရန် လိုအပ်ပါသည်။

		- တည်ဆောက်ရေးကာလ နှင့် မြေငှားရမ်းခြင်း ကာလ တို့အား ထည့်သွင်းဖော်ပြပေးရန် လိုအပ်ပါသည်။ - ဆောင်ရွက်မည့် လုပ်ငန်းအလိုက် တည်ဆောက်မည့် အဆောက်အဦ ၊ အထပ်အမြင့် အရေအတွက်တို့ အား တိကျစွာ ဖော်ပြပေးရန် လိုအပ်ပါသည်။

- ကော်မရှင်မှ နိုင်ငံပိုင် ငှားရမ်းထားသော မြေနှင့် အဆောက်အဦများ စာရင်းများအနက် ခွင့်ပြုမိန့်များ ထုတ်ပေးပြီးသည့် အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	ကုမ္ပဏီအမည် နှင့် လုပ်ငန်းအမျိုးအစား	တည်နေရာ	ခွင့်ပြုမိန့်
၁	Sky One Construction Company Limited နိုင်ငံတကာအဆင့်မီ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း	ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနပိုင် ဧရာဝတီတိုင်း ဒေသ ကြီး၊ ပုသိမ်ခရိုင်၊ ရွှေသောင်ယံ မြို့နယ်ခွဲ၊ ချောင်းသာကျေးရွာအုပ်စု၊ ဦးပိုင်အမှတ် (၈၂-၂)ရှိ မြေဧရိယာ၂၂.၂၀	၁၁၂၁/၂၀၁၆ ၁၉-၁-၂၀၁၆
၂	Good To Go Travels & Tours Company Limited နိုင်ငံတကာအဆင့်မီ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း	ဧရာဝတီတိုင်းဒေသကြီးပုသိမ်ခရိုင်၊ ပုသိမ်(ရွှေသောင်ယံမြို့နယ်ခွဲ)၊ ချောင်းသာကျေးရွာအုပ်စု၊ ကွင်းအမှတ်-၁၉၉၀၊ ချောင်းသာဦးပိုင်အမှတ်-၈၂ (၃) ရှိမြေဧရိယာ ၃.၀၈ ဧက	၁၁၂၂/၂၀၁၆ ၁၉-၁-၂၀၁၆
၃	Lighting Specialist Company Limited လက်ရှိ ကလောဟိုတယ်အား အဆင့်မြှင့် ပြန်လည် မွမ်းမံ ခြင်းနှင့် ဟိုတယ် ထပ်တိုး တည်ဆောက်၍ နိုင်ငံတကာအဆင့်မီ ဟိုတယ် ဝန်ဆောင်မှုလုပ်ငန်း	ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုပိုင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ကျောက်တိုင်ရပ်၊ ၃ ရပ်ကွက်၊ အကွက် အမှတ် ၄၄၊ ဦးပိုင်အမှတ် ၂၀ ရှိ မြေ ဧရိယာ(၆.၆၃၅) ဧက	၁၁၆၅/၂၀၁၆ ၂၆-၃-၂၀၁၆
၄	Sein Myint Mo Tours and Travels Company Limited B.O.T စနစ်ဖြင့် နိုင်ငံတကာ အဆင့်မီ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်း	ဟိုတယ်နှင့်ခရီးသွား လာရေးဝန်ကြီး ဌာန၊ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှု ဦးစီးဌာနပိုင်၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ အကွက်အမှတ်-(၂၈)၊ နောင်တုံ N၊ ဦးပိုင်အမှတ်-(၅၈)ရှိ မြေ ဧရိယာ ၁.၃၇၄ ဧက	၁၁၉၆/၂၀၁၆ ၅-၄-၂၀၁၆

	စဉ်	ကုမ္ပဏီအမည် နှင့် လုပ်ငန်းအမျိုးအစား	တည်နေရာ	ခွင့်ပြုမိန့်
	၅	Diamond Palace Hotels Co., Ltd. ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်း	ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနပိုင်၊ မန္တလေး တိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းမကြီးဘေး၊ မိုင်တိုင် ၃၄၀/၁ မှ ၃၄၁/၁ ကြားရှိ မြေဧရိယာ ၃၈.၈၈ ဧက	၁၂၀၄/၂၀၁၆ ၃၁-၈-၂၀၁၆
၂၀။	သဘောထားမှတ်ချက် တောင်းခံမည့် ဌာနများ		- ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့သို့ သဘော ထားမှတ်ချက်များ တောင်းခံမည် ဖြစ်ပါသည်။	

အထွေထွေအရပ်ရပ်-၁၆

ရုံးတွင်းစာအကျဉ်းချုပ် သို့မဟုတ် စာကြမ်းရေးရန်အတွက်

ရက်စွဲ၊ ၂၀၁၆ ခုနှစ် အောက်တိုဘာ လ ၂၆ ရက်

အကြောင်းအရာ။ **Adventure Myanmar Tours & Incentives Co., Ltd. မှ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနပိုင်၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ ကျိုင်းရင်းရပ်ရှိ မြေဧရိယာ (၄.၁၆၆)ဧကတွင် ကျိုင်းတုံ ဟိုတယ်အသစ်အား ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်း ကိစ္စ**

၁။ အထက်ပါ ကိစ္စနှင့်စပ်လျဉ်း၍ PAT(၄၀/၂၀၁၆)အစည်းအဝေးသို့ တင်ပြမည့် အမှာစာအား ပြုစုတင်ပြအပ်ပါသည်။

[signature] 26/10/16

(ဝင်းမို့မို့အေး)

ဦးစီးအရာရှိ

လ/ထ-ညွှန်ကြားရေးမှူး

၂။ PAT (40/2016) သို့ တင်ပြမည့် အဆိုပြုလွှာ အမှာစာ အား တင်ပြအပ်ပါသည်။

[signature] 26/10

(သန်းသန်းနွေ)

ဒု/ညွှန်ကြားရေးမှူး

၃။ PAT (40/2016) အစည်းအဝေးသို့ တင်ပြမည့် အမှာစာအား တင်ပြအပ်ပါသည်။

[signature] 26/10/16

(ဝင်းမော်ဦး)

ညွှန်ကြားရေးမှူး

၄။

[signature] ၂၆.၁၀

DWMMA

၂၆.၁၀

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လုပ်ငန်းဆောင်ရွက်ရာတွင် စိစစ်ရမည့် အဓိက အချက်များ

Adventure Myanmar Tou[rs &] Incentives Co., Ltd

ကဏ္ဍ - ဟိုတယ်နှင့် ခရီးသွား

ဆောင်ရွက်မည့်လုပ်ငန်း - ဟိုတယ်/ခရီးသွား လုပ်ငန်း

စဉ်	အကြောင်းအရာ	စိစစ်ချက် ပါ (✓) မပါ (x)
၁။	**မြေနေရာနှင့် စပ်လျဉ်းသည့် အချက်များ**	
	(က) ကိုယ်ပိုင်မြေ ဖြစ်ပါက လန/ ၃၉ ရရှိကြောင်း အထောက်အထား/ လျှောက်ထားဆဲ အထောက်အထား/ မြေစာရင်းပုံစံ (၁၀၅) တင်ပြရန်၊	n.c
	(ခ) ပုဂ္ဂလိက မြေနှင့်အဆောက်အဦ ငှားရမ်း ဆောင်ရွက်ခြင်းဖြစ်လျှင် အငှားစာချုပ် (မူကြမ်း)	n.c
	(ဂ) ဌာနပိုင်မြေ အဆောက်အဦပေါ်တွင် ဆောင်ရွက်မည်ဆိုပါက ရှေ့နေချုပ်ရုံး သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ထားသော စာချုပ်(မူကြမ်း) နှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနမှ တစ်ဆင့်တင်ပြရန်	✓
၂။	**စက်ပစ္စည်း/ လုပ်ငန်းသုံးပစ္စည်းများ**	
	(က) ပြည်တွင်းမှ ဝယ်ယူမည့် စာရင်း၊	✓
	(ခ) ပြည်ပမှ ဝယ်ယူမည့် စာရင်း၊	✓
၃။	**စီးပွားရေးဆိုင်ရာ တင်ပြချက်များ**	
	(က) နှစ်စဉ်ဝန်ဆောင်မှု ရည်မှန်းချက်	✓
	(ခ) ဝန်ဆောင်မှုအစီအစဉ်	✓
	(ဂ) အရှုံး/အမြတ်စာရင်း (ကိန်းဂဏန်း အချက်အလက်များ၏ ငယ်စာရင်း တင်ပြရန်)	✓
	(ဃ) ငွေသားစီးဆင်းမှုစာရင်း (Cash Flow Statement) ၊ IRR ၊ Pay back တွက်ချက်မှုများ(ကိန်းဂဏန်းအချက်အလက်များ၏ ငယ်စာရင်း တင်ပြရန်)	✓
	(င) နိုင်ငံတော်က ရရှိမည့် အကျိုးအမြတ် အခြေအနေ (ဝင်ငွေခွန်/ ကုန်သွယ်လုပ်ငန်းခွန်)	✓
	(စ) အလုပ်အကိုင် ရရှိမှု အခြေအနေ (ပြည်တွင်း/ပြည်ပ ဝန်ထမ်းအင်အားစာရင်း၊ လစာ တွက်ချက်မှု)	✓
၄။	**ငွေကြေးအထောက်အထား**	
	(က) ရင်းနှီးမြှုပ်နှံမည့် ပြည်တွင်းသုံးငွေအတွက် ဝယ်ယူပြီးတန်ဖိုးမှအပ ဘဏ် အထောက်အထား တင်ပြရန်၊	✓
	(ခ) ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံခြားငွေ ပါဝင်ပါက ၎င်းအတွက် MFTB/ MICB ၏ Bank Statement တင်ပြရန်၊	✓

စဉ်	အကြောင်းအရာ	စိစစ်ချက် ပါ (✓) မပါ (x)
၅။	**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ဟိုတယ်လုပ်ငန်းလိုင်စင်**	x
၆။	- ဟိုတယ်လုပ်ငန်းဖြစ်ပါကအမျိုးသားယဉ်ကျေးမှုနှင့်ပတ်သက်၍ထိန်းသိမ်းသွားနိုင်ရေးအတွက် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းအသီးသီး မှ ညွှန်ကြားချက်များကို သိရှိလိုက်နာ ဆောင်ရွက်မည် ဖြစ်ကြောင်း ဝန်ခံ ကတိပြုချက်တင်ပြရန်၊	x
၇။	**အထွေထွေ** (က) အဆိုပြုတင်ပြခြင်းနှင့်အခွန်အကောက်ကင်းလွတ်ခွင့်လျှောက်လွှာ (ခ) ကတိဝန်ခံချက် (ဂ) ရင်းနှီးမြှုပ်နှံသူ၏ နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူ (ဃ) လုပ်ငန်းဆောင်ရွက်မည့်တည်နေရာပြမြေပုံ (င) မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက် (စ) လုပ်ငန်းခွင်သာယာရေးနှင့်ဝန်ထမ်းသက်သာချောင်ချိရေး စီမံချက် (ဆ) အဆောက်အဦ ဆောက်လုပ်ပြီးဖြစ်ပါက အဆောက်အဦ ဓါတ်ပုံ မိတ္တူ (ဇ) အဆောက်အဦ မဆောက်လုပ်ရသေးပါက အဆောက်အဦ ပုံစံ (ဈ) လူမှုသဘာဝ သာယာဝပြောရေး တာဝန်ယူမှု (Corporate Social Responsibility- CSR) ဆောင်ရွက်မည့် အစီအစဉ်တင်ပြရန်။ (ရရှိမည့် အကျိုးအမြတ်၏ ရာခိုင်နှုန်းတစ်ရပ် တိတိကျကျ သတ်မှတ်ဖော်ပြရန်) (ည) ကုမ္ပဏီဖွဲ့စည်းပြီးပါက ကုမ္ပဏီမှတ်ပုံတင် လက်မှတ် / ပုံစံ (၆) (အစုရှယ်ယာ လွှဲပြောင်းမှု) / ပုံစံ (၂၆) (ဒါရိုက်တာစာရင်း)	 ✓ ✓ ✓ ✓ ✓ ✓ n.c ✓ ✓ ✓
၈။	**လုပ်ငန်းနှင့် သက်ဆိုင်သည့် စာချုပ်များ** (က) ဌာနပိုင်မြေကို BOT စနစ်ဖြင့် ငှားရမ်းဆောင်ရွက်ခြင်းဖြစ်ပါက ရှေ့နေချုပ်ရုံးမှ သဘောထားမှတ်ချက်နှင့် အညီပြုစုထားသည့် BOT စာချုပ် (မူကြမ်း) (ခ) ဌာနနှင့် ဖက်စပ်လုပ်ငန်း ဆောင်ရွက်ပါက လုပ်ငန်းသဘောတူ စာချုပ် (မူကြမ်း)	 ✓ n.c

လာရောက်တင်ပြသူ		စိစစ်သူ	
လက်မှတ်	(signature)	လက်မှတ်	(signature)
အမည်	ဒေါ်ယွန်းယွန်းမြင့်	အမည်	ဒေါ်ဝင်းမြို့မြို့အေး
တာဝန်	M.D	ရာထူး	ဦးစီးအရာရှိ
ကုမ္ပဏီ	Adventure Myanmar	ဌာနခွဲ	ရင်းနှီး(၃)
နေ့စွဲ	.၁၀.၂၀၁၆	နေ့စွဲ	.၁၀.၂၀၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၁၈ ဂ (အုပ်ချုပ်မှု) /နပတ/ ၀၈၃၇
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ မတ် လ ၁၇ ရက်။

NPT-917
18.3.2016

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **နိုင်ငံပိုင်ငှားရမ်းထားသော ကျိုင်းတုံဟိုတယ်(သစ်) ကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ နှစ်ရှည်ငှားရမ်းဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

ရည် ညွှန်း ချက်။ (၁)ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ (၃၀-၆-၂၀၁၅)ရက်စွဲပါ စာအမှတ်၊ ၁၈-ဂ(အုပ်ချုပ်မှု)နပတ/၂၁၁၄
(၂)ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ (၁၇-၈-၂၀၁၅)ရက်စွဲပါ စာအမှတ်၊ ၂၁-ခ (ဘဏ္ဍာရေး) နပတ/၂၄၄

၁။ မြန်မာနိုင်ငံသို့လာရောက်လည်ပတ်သည့်ကမ္ဘာလှည့်ခရီးသည်များ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာသည်နှင့်အမျှ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများသည်လည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျှက်ရှိပါသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ပြောင်းလဲလာသော စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံပိုင် ဟိုတယ်၊ မိုတယ်၊ ခန်းမနှင့် အဆောက်အဦ (၂၃) လုံးကို ၁၉၉၄ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်အသီးသီးသို့ နှစ်ကာလအလိုက်နှစ်ဖက်သဘောတူစာချုပ်ဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ပြုလျှက်ရှိပါသည်။ (နောက်ဆက်တွဲ-က)

၂။ ဤသို့ဆောင်ရွက်ရာတွင် လက်ရှိငှားရမ်းလုပ်ကိုင်သူပုဂ္ဂလိက လုပ်ငန်းရှင်များမှမိမိတို့၏လုပ်ငန်းများကို ကာလရှည်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နိုင်ရေး၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်

အညီဆောင်ရွက်ခွင့်ပြုရေးတို့အတွက် စီးပွားရေးဖိုရမ်များတွင် တင်ပြလေ့ရှိရာ ဤဝန်ကြီးဌာန အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးရာကော်မတီသို့ ရည်ညွှန်း(၁) ပါစာဖြင့် တင်ပြပေးခဲ့ ပါသည်။ ကော်မတီမှငှားရမ်းသက်တမ်းပေါ်အခြေခံ၍မိမိဝန်ကြီးဌာန၊အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့်ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြ ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်းနှင့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့သို့တင်ပြခွင့်ပြုချက်ရယူ ဆောင်ရွက်ခြင်းတို့ဖြင့် ဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့ပါသည်။ (နောက်ဆက်တွဲ-ခ)

၃။ အဆိုပါဆုံးဖြတ်ချက်နှင့်အညီ နိုင်ငံပိုင်ဟိုတယ်၊ မိုတယ်များနှင့် အဆင့်မြင့် စားသောက် ခန်းမကိုလက်ရှိငှားရမ်းဆောင်ရွက်လျှက်ရှိသောပုဂ္ဂလိကလုပ်ငန်းရှင်များသို့နှစ်ရှည်ငှားရမ်းလုပ်ကိုင် ခွင့်ပြုမည်ဆိုပါကလက်ရှိငှားရမ်းလုပ်ကိုင်နေသည့်ပုဂ္ဂလိကလုပ်ငန်းရှင်များထံမှမြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပြုချက်တို့ကို ပြည့်စုံစွာတင်ပြစေပြီး ဤဝန်ကြီးဌာနမှစိစစ်၍အလုပ်အမှုဆောင်ကော်မတီ၏အဆုံးအဖြတ်ရယူကာမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံ မှုကော်မရှင်သို့ဆက်လက်တင်ပြနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ် နှံမှုကော်မရှင်သို့ ရည်ညွှန်းချက် (၂)ပါစာဖြင့် တင်ပြထားပါသည်။ (နောက်ဆက်တွဲ-ဂ)

၄။ ယခုအခါတွင်ရှမ်းပြည်နယ်အရှေ့ပိုင်း၊ကျိုင်းတုံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ် (၂၈)၊တောင်ခုတ်လမ်း၊ကျိုင်းရင်းရပ်ရှိ မြေဧရိယာ ၄.၁၆၆ ဧကပေါ်တွင် လက်ရှိအခန်း (၁၀၈)ခန်း ပါကျိုင်းတုံဟိုတယ်(သစ်)ကိုမြေအသုံးချခ ကျပ်သန်း(၂၀၀)၊ နှစ်စဉ်မြေငှားရမ်းခတစ်နှစ်လျှင်ကျပ် သန်း(၁၈၅)ပေးသွင်းပြီးကျပ်သန်း(၄၀၀၀)ထပ်မံရင်းနှီးမြှုပ်နှံ၍လက်ရှိအခန်းများကိုအဆင့်မြှင့်ခြင်း၊ အခန်း (၆၀) တိုးချဲ့တည်ဆောက်ခြင်းများကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ကနဦးနှစ် (၅၀) နှင့် တစ်ဆက်တည်း သက်တမ်းတိုးခွင့် (၁၀)နှစ် နှစ်ကြိမ်ဖြင့် နှစ်ရှည်ငှားရမ်း ဆောင်ရွက်လိုပါကြောင်း၊ လက်ရှိငှားရမ်းဆောင်ရွက်နေသော ဦးအောင်မျိုးမင်းဒင် (Adventure Myanmar Tours & Incentives Co., Ltd) မှအဆိုပြုတင်ပြလာပါသည်။ (နောက်ဆက်တွဲ-ဃ)

၅။ ကျိုင်းတုံဟိုတယ်(သစ်)နှင့်ပတ်သက်၍အောက်ပါအတိုင်းအကျဉ်းချုပ်တင်ပြအပ်ပါသည်-

(က) ကျိုင်းတုံဟိုတယ် (သစ်) အား(၁-၇-၂၀၁၃) ရက်နေ့မှစ၍ မင်းကျန်စစ်ကုမ္ပဏီ လီမိတက်သို့ (၁၅) နှစ်သက်တမ်းငှားရမ်းခဲ့ပါသည်။

(ခ) (၂၄-၂-၂၀၁၅)ရက်နေ့တွင်မင်းကျန်စစ်ကုမ္ပဏီမှ ဌာနသို့ ပြန်လည်အပ်နှံခဲ့ပါသည်။

(ဂ) (၁-၃-၂၀၁၅)ရက်နေ့တွင်ဌာနမှအဖွဲ့ဖြင့်ပြန်လည်လွှဲပြောင်း/လက်ခံရယူခဲ့ပါသည်။

(ဃ) တင်ဒါအသစ်ပြန်လည်ခေါ်ယူရန်နိုင်ငံတော်သမ္မတရုံးသို့တင်ပြခဲ့ရာ(၁၃-၃-၂၀၁၅) ရက်နေ့တွင် ခွင့်ပြုချက်ရရှိခဲ့ပါသည်။

(င) ကျိုင်းတုံဟိုတယ်(သစ်)အားအိတ်ဖွင့်တင်ဒါစနစ်ဖြင့် (၁၅) နှစ် ငှားရမ်းရန် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ထည့်သွင်းကြေငြာခဲ့ပြီး (၃၀-၃-၂၀၁၅) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီတွင် စည်းကမ်းချက်များ ရှင်းလင်းခြင်း ပြုလုပ်ခဲ့ရာဦးအောင်မျိုးမင်းဒင် ၊(Adventure Myanmar Tours & Incentives Co., Ltd) နှင့် ဒေါ်သဇင်အေးလင်းတို့မှ တင်ဒါတင်သွင်းခဲ့ပါသည်။

(စ) တင်ဒါတင်သွင်းသူများ၏ တင်ပြသော အထောက်အထားများအားစိစစ်ခြင်း၊လူတွေ့မေးမြန်းခြင်းများဆောင်ရွက်ခဲ့ပါသည်။၎င်းနောက်တင်ဒါစိစစ်ရေးကော်မတီမှ ဦးအောင်မျိုးမင်းဒင်ကိုကျိုင်းတုံဟိုတယ်သစ်အား ငှားရမ်းရန်ဆုံးဖြတ်ခဲ့ပါသည်။

(ဆ) ၎င်းနောက်အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ငှားရမ်းဆောင်ရွက်မှုပြီးစီးကြောင်းဝန်ကြီးဌာနအလုပ်အမှုဆောင်ကော်မတီသို့တင်ပြခဲ့ပြီး၊(၂-၄-၂၀၁၅)ရက်နေ့အလုပ်အမှုဆောင်ကော်မတီ၏ (၁၇/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးတွင် သဘောတူခဲ့ပါသည်။

(ဇ) (၂၇-၅-၂၀၁၅)ရက်နေ့တွင် စာအမှတ်၊၁၉-ခ(မူဝါဒ/နပတ/၁၈၀၅)ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြခဲ့ရာ (၂၅-၆-၂၀၁၅) ရက်နေ့ စာအမှတ်(၇၄/၂၅၇/အဖရ(၁၂/၂၀၁၅) ဖြင့်သဘောတူခဲ့ပါသည်။

(ဈ) မင်းကျန်စစ်ကုမ္ပဏီမှဦးနန္ဒာလှမြင့်က ဟိုတယ်လုပ်ငန်းပြန်လည် လုပ်ကိုင်ခွင့် ရရှိရေးနှင့်ပတ်သက်၍တင်ပြလာသဖြင့်ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏(၁၂-၁၀-၂၀၁၅) ရက်စွဲပါစာအမှတ် ၂၁/၉၃၇-အထွေထွေ/အဖရ/(၂၀၁၅) ဖြင့် ဤဝန်ကြီးဌာနသို့ပြန်လည် စိစစ်တင်ပြရန်ညွှန်ကြားလာသဖြင့် ဤဝန်ကြီးဌာနမှ (၁၅-၁၀-၂၀၁၅) ရက်နေ့စွဲပါ စာအမှတ် ၁၈ ဂ(အုပ်ချုပ်မှု)/နပတ/ ၃၃၆၆ ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ပြန်လည်ရှင်းလင်းတင်ပြခဲ့ပါသည်။

(ည) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ (၂၀-၁-၂၀၁၆) ရက်နေ့စွဲပါ စာအမှတ် ၁၈/၁၅၂-လမ်းညွှန်/အဖရ(၂၀၁၆)ဖြင့် အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရန်ပြန်ကြားခဲ့ပါသည်။

(ဋ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ (၂၆-၁-၂၀၁၆) ရက်နေ့စွဲပါတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားကိုတောင်းခံခဲ့ရာ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ (၂၃-၂-၂၀၁၆) ရက်စွဲပါ စာအမှတ် ၂(၅)၁၆-၂၀/နပတ (၂၁၁) ဖြင့်တင်ဒါအသစ်ခေါ်ယူရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီစနစ်တကျ ဆောင်ရွက်ခဲ့ခြင်းကြောင့်ဥပဒေကြောင်းအရမှတ်ချက်ပြုရန်မရှိပါကြောင်းအကြောင်းပြန်ကြားခဲ့ပါသည်။

၆။ ဦးအောင်မျိုးမင်းဒင်၏အဆိုပြုတင်ပြချက်အပေါ်တွင် ဤဝန်ကြီးဌာနအနေဖြင့် အောက်ပါအတိုင်းသုံးသပ်တင်ပြအပ်ပါသည်-

(က) ခရီးသွားလုပ်ငန်းကဏ္ဍအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ စီးပွားရေးလုပ်ငန်းရှင်များသည် ကိုယ်ပိုင်ဟိုတယ်များကို အပြိုင်အဆိုင်ဆောက်လုပ်လာကြသဖြင့် ပုဂ္ဂလိကပိုင်ဟိုတယ်များသည် သစ်လွင်တောက်ပနေပြီး နိုင်ငံပိုင်ဟိုတယ်များမှာမူ ငှာရမ်းကာလ တိုတောင်းသဖြင့် ငှားရမ်းဆောင်ရွက်လုပ်ကိုင်သူများမှ ဟိုတယ်ကို အကြီးစားပြင်ဆင်လုပ်ကိုင်မှုနည်းပါးခြင်းတို့ကြောင့် နိုင်ငံပိုင်ဟိုတယ်များ၏ သစ်လွင်တောက်ပမှု အထောက်အကူပြုပစ္စည်းသုံးစွဲမှုနှင့် ဝန်ဆောင်မှုစွမ်းရည်ပြည့်ဝမှုအပိုင်းတွင် အားနည်းလျှက်ရှိကြောင်း တွေ့ရှိရပါသည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ငှားရမ်းထားသည့်နိုင်ငံပိုင်ဟိုတယ်၊မိုတယ်များနှင့် အဆင့် မြင့်စားသောက်ခန်းမကိုနှစ်ရှည်ငှားရမ်းလုပ်ကိုင်နိုင်ရန်ငှားရမ်းကာလကို နှစ်ရှည်ငှားရမ်းလုပ်ကိုင်ခွင့်ပြုလိုက်ပါက ပုဂ္ဂလိကလုပ်ငန်းရှင်များသည် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးချဲ့ဆောင်ရွက်လာမည်ဖြစ်၍ နိုင်ငံပိုင်ဟိုတယ်များသည် ပုဂ္ဂလိကဟိုတယ်များနှင့် ရင်ပေါင်တန်းနိုင်ပြီး ဟိုတယ်လုပ်ငန်းကို တိုးချဲ့လုပ်ကိုင်ခြင်းဖြင့် ပြည်သူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာနိုင်မည်ဖြစ်ပါသည်။

(ခ) အဆိုပြုတင်ပြလာသော နှစ်စဉ်မြေငှားရမ်းခသည် ကျပ်သန်း (၁၈၅) ဖြစ်ပါသည်။ ယင်းနှုန်းသည်လက်ရှိကာလတိုငှားရမ်းထားသောနှုန်းဖြစ်ပြီးအဆိုပါနှုန်းသည်ဒေသအခြေအနေပေါ်မူတည်သတ်မှတ်ခဲ့ခြင်းမဟုတ်ဘဲအိတ်ဖွင့်တင်ဒါစနစ်ဖြင့်ယှဉ်ပြိုင်ရွေးချယ်သတ်မှတ်သောနှုန်းဖြစ်ပါသဖြင့်သင့်လျော်သောနှုန်းထားဖြစ်ပါသည်။

(ဂ) ကုမ္ပဏီမှ မြေအသုံးချခနှင့်စပ်လျဉ်း၍ ကျပ်သန်း (၂၀၀) ကိုတစ်လုံးတစ်ခဲတည်းပေးသွင်းမည်ဖြစ်ပါသည်။ အဆိုပါတန်ဖိုးနှင့်အတူ လုပ်ငန်းရှင်အနေဖြင့် ဟိုတယ်တွင်ကျပ်သန်း(၄၀၀၀)ထပ်မံရင်းနှီးမြှုပ်နှံဆောင်ရွက်မည်ဖြစ်သည့်အတွက်တင်ပြပါမြေအသုံးချခသည်လည်းလျော်ကန်မှုရှိပါသည်။

(ဃ) ငှားရမ်းမည့်ကာလအနေဖြင့် ၎င်းတို့မူလစတင်ငှားရမ်းသောနေ့ (၁-၇-၂၀၁၅) မှ စတင်၍ငှားရမ်းကာလကို သတ်မှတ်ရေတွက်သွားမည်ဖြစ်ပြီး နှစ်စဉ်မြေငှားရမ်းခ

နှုန်းထားအား(၄) နှစ်တစ်ကြိမ် ပြန်လည်သုံးသပ်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ် ပါသည်။

(င) ယခုအဆိုပြုတင်ပြလာသည့် ကျိုင်းတုံဟိုတယ်(သစ်) အနေဖြင့် ဤဝန်ကြီးဌာနသို့ ပေးဆောင်ရန် နှစ်စဉ်မြေငှားရမ်းခကြွေးကျန်နှင့်အခြားဌာနများသို့ ပေးဆောင်ရ မည့် အခွန်အခကြွေးကျန်များမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၇။ ယခုတင်ပြလာသည့်ကျိုင်းတုံဟိုတယ်(သစ်)အားမြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေပါ ငှားရမ်းကာလနှစ် (၅၀+၁၀+၁၀) ငှားရမ်းခွင့်ပြုမည်ဆိုပါက ဤဝန်ကြီးဌာနနှင့် ငှားရမ်း လုပ်ကိုင် သူတို့အကြားရေးထိုးမည့် Build, Operate and Transfer (BOT)စာချုပ်များကို ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ ဥပဒေဆိုင်ရာ အကြံပြုချက်များနှင့်အညီ ပြုစု၍ ချုပ်ဆိုဆောင်ရွက်သွားပါမည်။

၈။ သို့ဖြစ်ပါ၍နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များအပါအဝင်ပြည်သူများအနေဖြင့်နိုင်ငံတော် အစိုးရ၏အချိန်နှင့်အမျှပြုပြင်ပြောင်းလဲဆောင်ရွက်ပေးမှုကိုပွင့်လင်းမြင်သာစွာတွေ့ရှိနိုင်ရေး၊နိုင်ငံ ပိုင်ဟိုတယ်များ အဆင့်အတန်းမြင့်မားလာရေး၊ နှစ်ကာလကြာမြင့်စွာ ဆက်လက် တည်ရှိနိုင်ရေး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များလုပ်ငန်းဆောင်ရွက်မှု ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ကျိုင်းတုံ ဟိုတယ် (သစ်) ကို မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီငှားရမ်းလုပ်ကိုင်ခွင့်ပြုနိုင်ပါရန်တင်ပြအပ်ပါသည်။

(ဦးဌေးအောင်)

ပြည်ထောင်စုဝန်ကြီး

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန

ရုံးလက်ခံ

မျှော

နိုင်ငံပိုင် ဟိုတယ်၊ မိုတယ်၊ခန်းမနှင့် အဆောက်အဦစာရင်း

(နောက်ဆက်တွဲ-က)

စဉ်	ဟိုတယ်/မိုတယ်	အခန်း အရေ အတွက်	တစ်နှစ် ငှားရမ်းခ (ကျပ်သန်း)	ငှားရမ်းသည့်နှစ်	ငှားရမ်း သက် တမ်း	ငှားရမ်းသူအမည်/ကုမ္ပဏီ
၁	လက်ခုပ်ကုန်းဟိုတယ်	၃၀	၂၀	၁-၁၀-၂၀၁၂မှ ၃၁-၉-၂၀၁၇	၅နှစ်	ဦးဌေးအောင်09-5053820,019010065 The National Travels & Tours Co.Ltd
၂	ကျိုက်ထိုဟိုတယ်	၁၄၉	၁၈၀၅	၁-၁၀-၂၀၁၂မှ ၃၁-၉-၂၀၂၇	၁၅နှစ်	ဦးဝင်းနိုင်09-8723274,01-536003 Asia Rising Star Travels & Tours Co.Ltd
၃	Imperial jade hotel	၄၀	၅၃၀	၁-၁၀-၂၀၁၂မှ၃၁-၉-၂၀၂၇	၁၅နှစ်	ဒေါ်ခင်ပြုံးရီ01-393112,01-372299, ချိုဇော်ဆောက်လုပ်ရေးနှင့်အင်းလေးဖျူး Co.Ltd
၄	ကျိုင်းတုံဟိုတယ်(ဟောင်း)	၂၄	၆၀	၁-၄-၂၀၁၄မှ ၃၁-၃-၂၀၂၉	၁၅နှစ်	ဒေါက်တာဖုန်းမြင့်09,5067333,084-21323 စိန်မြင့်မိုရ်ခရီးသွားကုမ္ပဏီလီမိတက်
၅	မြမန္တလာဟိုတယ်	၄၂	၂၀	၁-၄-၁၉၉၉မှ ၃၁-၃-၂၀၁၉	၂၀နှစ်	ဦးမြင့်လွင် 02-30009 တာမိုးညဲ
၆	မိတ္ထီလာဟိုတယ်	၃၄	၂၀	၁-၄-၂၀၀၅ မှ ၃၁-၃-၂၀၂၀	၁၅နှစ်	ဦးသိန်းသန်း 02-39991, 39990 Diamond Palace Co.Ltd
၇	တောင်ငူဟိုတယ်	၁၈	၇၂	၁-၁-၂၀၁၄ မှ ၃၁-၁၂-၂၀၂၈	၁၅နှစ်	ဦးအောင်မြင် 09-49329555, 054-23414 Global Grace Travels
၈	သရပါဟိုတယ်	၈၆	၇၅	၁၄-၉-၂၀၀၂ မှ ၁၃-၉-၂၀၂၂	၂၀နှစ်	ဦးကျော်စိန် 01-377830,377956 Kappa International Co.Ltd
၉	ချောင်းသာကမ်းခြေဟိုတယ်	၈၈	၁၀၄၀	၁၄-၁၀-၁၄ မှ ၁၃-၁၀-၂၉	၁၅နှစ်	ဦးမောင်မောင်နိုင် 09-5014159 Sky One Construction
၁၀	ပုဂံ-သံတဲဟိုတယ်	၉၂	၁၀၀	၁၂-၈-၁၉၉၄ မှ ၁၁-၈-၂၀၂၄	၃၀နှစ်	ဦးသန်းဇော်ရွှေ 061-60025,01-546225
၁၁	ကျိုင်းတုံဟိုတယ်(သစ်)	၁၀၈	၁၈၅	၁-၇-၂၀၁၅ မှ ၃၀-၆-၂၀၃၀	၁၅နှစ်	ဦးအောင်မျိုးမင်းဒင် ၊ 09-5199150(မဍူ) Adventure Myanmar Intensive Travels & Tours
၁၂	မြောက်ဦးဟိုတယ်	၂၄	၁၆၆.၅	၁-၇-၂၀၁၃ မှ၃၀-၆-၂၀၂၈	၁၅နှစ်	ဦးရဲထွန်းကျော် 09-73239000, 043-50200 Natural Force Co.Ltd

နိုင်ငံပိုင် ဟိုတယ်၊ မိုတယ်၊ခန်းမနှင့် အဆောက်အဦးစာရင်း

စဉ်	ဟိုတယ်/မိုတယ်	အခန်း အရေ အတွက်	တစ်နှစ် ငှားရမ်းခ (ကျပ်သန်း)	ငှားရမ်းသည့်နှစ်	ငှားရမ်း သက် တမ်း	ငှားရမ်းသူအမည်/ကုမ္ပဏီ
၁၃	ဂန္ဓာမြိုင်ဟိုတယ်	၅	၁၂၀	၁-၇-၂၀၁၃ မှ ၃၀-၆-၂၀၂၈	၁၅နှစ်	ဦးထွန်းထွန်းဝင်း 09-5013355,085-22007 မလိခအော်တိုမိုဘိုင်းလ်Co Ltd
၁၄	နန်းမြိုင်ဟိုတယ်	၃၂	၆၀၀	၆-၈-၂၀၁၃ မှ ၅-၈-၂၀၂၈	၁၅နှစ်	ဦးမောင်စိန် 09-5053820,01-399930 The National Trading Co.Ltd
၁၅	နယူးချောင်းသာဟိုတယ်	၂၇	၄၂၀	၁၀-၁၁-၁၃ မှ ၉-၁၁-၂၈	၁၅နှစ်	ဦးဇင်မင်းမောင်မောင် 09-5167291,09-2002231 Good To Go Travels & Tours
၁၆	သီရိမြိုင်ဟိုတယ်	၇	၂၀၀	၁၅-၁၁-၁၃ မှ ၁၄-၁၁-၂၈	၁၅နှစ်	ဒေါ်ယဉ်မင်းချို085-22047,012301076
၇။	ကလောဟိုတယ်	၄၅	၁၆၀	၁၁-၁၂-၂၀၁၄ မှ ၁၀-၁၂-၂၀၂၉	၁၅ နှစ်	ဦးကျော်မိုးနိုင်09-5500205,081-50191 Lighting Specialist Co.,Ltd
။	ပင်းတယဟိုတယ်	၃၃	၃၀	၁၀-၁၂-၂၀၁၄ မှ ၉-၁၂-၂၀၂၉	၁၅ နှစ်	ဦးဟန်ပိုင် 095059495,01580186
၉။	ဝန်ဇင်းဟိုတယ်	၃၀	၆၃	၁၀-၁၂-၂၀၁၄ မှ ၉-၁၂-၂၀၂၉	၁၅ နှစ်	ဦးစိုးအောင် 09-5507002,019190496 ပန်းလေပြေဟိုတယ်(ပုဂံ)
၀။	ကော့သောင်းမိုတယ်	၁၄	၃၅	၁၁-၁၂-၂၀၁၄ မှ ၁၀-၁၂-၂၀၂၉	၁၅ နှစ်	ဦးတင်မိုးနိုင် 09-5009575 ယွန်းနဒီကုမ္ပဏီလီမိတက်
၁။	ကရဝိတ်ခန်းမ	-	၃၅	၁-၅-၁၉၉၉ မှ ၃၀-၄-၂၀၁၉	၂၀ နှစ်	ဒေါက်တာခင့်ရွှေ 01-295744 ဇေကမ္ဘာကုမ္ပဏီလီမိတက်
၂။	Myanmar Shopping Mall	-	၄၅၀	၃၁-၁-၂၀၁၄ မှ ၃၀-၁-၂၀၂၉	၁၅ နှစ်	ဦးနေမင်းမျိုးသိန်း 01-221789, 225258,221789 Lion Myanmar International Co,ltd
၃။	Panorama Hotel	၈၈	၅၀	၁-၁-၁၉၉၈ မှ ၃၁-၁၂-၂၀၂၈	၃၀ နှစ်	ဦးရန်ဝင်း၊ ရန်ကုန်စင်ဒီကိတ်ကုမ္ပဏီလီမိတက် 01-253077

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သမ္မတရုံးဝန်ကြီးဌာန(၃)

စာအမှတ်၊ ၁၄ (၁၃) /၁၄ / သမ္မတ

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရ

သို့

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

အကြောင်းအရာ။ ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးရာကော်မတီ (၁၃ / ၂၀၁၅)၏ မှတ်တမ်း
ကောက်နုတ်ချက် တင်ပြခြင်းကိစ္စ

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီအစည်းအဝေး (၁၃ / ၂၀၁၅) ကို ၉ - ၇ - ၂၀၁၅ ရက်နေ့ (ကြာသပတေးနေ့) တွင် သမ္မတရုံးဝန်ကြီးဌာန(၃)၊ ရုံးအမှတ်(၁၄ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ အဆိုပါအစည်းအဝေး၌ ဆွေးနွေးခဲ့သည့် အကြောင်းအရာများ၏ ကောက်နုတ်ချက်များ သိရှိနိုင်ပါရန် ပူးတွဲပါဇယားဖြင့် တင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ

ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးရာကော်မ

မိတ္တူကို

နိုင်ငံတော်သမ္မတရုံး

ပြည်ထဲရေးဝန်ကြီးဌာန

ကာကွယ်ရေးဝန်ကြီးဌာန

နယ်စပ်ရေးရာဝန်ကြီးဌာန

နိုင်ငံခြားရေးဝန်ကြီးဌာန

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
စာအမှတ်
ရက်စွဲ
ဝန်ကြီးရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

ဝန်ကြီးရုံး

စာအမှတ်၊ ၂၁-ခ(ဘဏ္ဍာရေး)/နပတ/ ၂၄၄

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ် လ ၁၇ ရက်။

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **နိုင်ငံပိုင် ဟိုတယ်၊ မိုတယ်များနှင့် အဆင့်မြင့်စားသောက်ခန်းမကို နှစ်ရှည်ငှားရမ်းလုပ်ကိုင်ခွင့်ပြုပါရန်တင်ပြခြင်း**

ရည်ညွှန်းချက် ။ (၁) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ၃၀-၆-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၁၈-ဂ(အုပ်ချုပ်မှု)/နပတ/၂၁၁၄

(၂) ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးရာကော်မတီမှ ၉-၇-၂၀၁၅ နေ့တွင် ပြုလုပ်သည့် အစည်းအဝေး ၁၃/၂၀၁၅ မှ ကောက်နုတ်ချက်

၁။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနပိုင် ဟိုတယ် ၊ မိုတယ်(၂၁) လုံးနှင့် အဆင့်မြင့် စားသောက်ခန်းမ(ကရဝိတ်) တို့ကို နိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ငှားရမ်းခြင်းဆိုင်ရာ နှစ်ဖက်သဘောတူစာချုပ်ဖြင့် ငှားရမ်း လုပ်ကိုင်ခွင့်ပြုထားရာ ငှားရမ်းကာလမှာ အနည်းဆုံး (၅) နှစ်မှ အများဆုံး (၃၀) နှစ်အထိ ဖြစ်ပြီး ဟိုတယ်အများစု၏ ငှားရမ်းကာလကို (၁၅) နှစ် ခွင့်ပြုပေးခဲ့ပါသည်။

၂။ ဌာနပိုင် ဟိုတယ်များကို ယခင်နှစ်အဆက်ဆက်မှ ငှားရမ်းခဲ့ပြီး ငှားရမ်းသက်တမ်း မပြည့်သေးသဖြင့် ဆက်လက်ငှားရမ်းထားသည့် ဟိုတယ် (၅)လုံးနှင့် ငှားရမ်းသက်တမ်း ပြည့်သွားသဖြင့် ကြမ်းခင်းဈေးသတ်မှတ်ပေးပြီး တင်ဒါခေါ်ယူ၍ ထပ်မံငှားရမ်းထားသည့် ဟိုတယ် ၊ မိုတယ် (၁၆) လုံး ၊ စုစုပေါင်း ငှားရမ်းဟိုတယ်၊ မိုတယ် (၂၁) လုံးရှိပါသည်။ ဟိုတယ်၊ မိုတယ် (၁)လုံးချင်းစီနှင့် အဆင့်မြင့်စားသောက်ခန်းမ၏ အခန်းအရေအတွက် ၊ ငှားရမ်းထားသည့် ကာလ နှင့် လက်ရှိငှားရမ်းခနှုန်းထားများကို နောက်ဆက်တွဲဖြင့် တင်ပြအပ်ပါသည်။

၃။ ဟိုတယ်၊ မိုတယ်ငှားရမ်းလုပ်ကိုင်သူများသည် ဟိုတယ် ၊ မိုတယ်များကို အဆင့်မြှင့်ရန် ပြင်ဆင်ခြင်း ၊ တိုးချဲ့ဆောက်လုပ်ခြင်းများ ပြုလုပ်လိုကြသော်လည်း ငှားရမ်းသက်တမ်းပြည့်သည့် အချိန်တွင် တင်ဒါစနစ်ဖြင့် ထပ်မံငှားရမ်းလျက်ရှိသောကြောင့် ငှားရမ်းလုပ်ကိုင်သူများမှ ရင်းနှီး မြှုပ်နှံမှုပြုလုပ်ရန် ဝန်လေးနေကြပါသည်။

နှစ်ရှည်တိုးမြှင့်ငှားရမ်းဆောင်ရွက်ခွင့်အတွက် ရင်းနှီးမြှုပ်နှံလိုသူ၏ အဆိုပြုချက်

သို့

ပြည်ထောင်စုဝန်ကြီး
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
နေပြည်တော်

စာအမှတ် – အဖခ(စမ–ပရဂ) ၀၃၀/၂၀၁၅
ရက်စွဲ – ၂၀၁၅ ခုနှစ်၊စက်တင်ဘာလ(၁၇)ရက်

ကျွန်တော်သည် ငှားရမ်းထားသောဟိုတယ်အား မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုနှင့်အညီ နှစ်ရှည်ငှားရမ်းဆောင်ရွက်လိုပါသဖြင့် ခွင့်ပြုနိုင်ပါရန် အောက်ပါအချက်အလက်များအားဖော်ပြလျှောက်ထားအပ်ပါသည်။

၁။ ဟိုတယ်အားငှားရမ်းထားသူ၏

(က) အမည် – ဦးအောင်မျိုးမင်းဒင်

(ခ) အဖအမည် – ဦးမင်းဒင် ခေါ် ဦးလှဖေသန်း

(ဂ) အမျိုးသားမှတ်ပုံတင်အမှတ် – ၁၂/ ကမရ(နိုင်)၀၂၈၁၂၂

(ဃ) နိုင်ငံသား – မြန်မာ

(င) နေရပ်လိပ်စာ – အမှတ်(၉၉–အို)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။

(စ) အဖွဲ့အစည်းအမည် နှင့် – Adventure Myanmar Tours & Incentives Co.,Ltd

လိပ်စာ – အမှတ်(၂၇)၊ အင်းလျားမြိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

(ဆ) လုပ်ငန်းအမျိုးအစား – ခရီးသွားလုပ်ငန်း နှင့် ဟိုတယ်လုပ်ငန်းများ

(ဇ) လုပ်ငန်းတည်နေရာ – ပုဂံ၊ မန္တလေး၊ တောင်ငူ၊ အင်းလေး၊ ငပလီ နှင့်ချောင်းသာ

၂။ ကျိုးကြောင်းဖော်ပြချက်

(က) ငှားရမ်းထားသည့်ဟိုတယ် – ကျိုင်းတုံဟိုတယ်(သစ်)

(ခ) ဟိုတယ်အား ငှားရမ်းပေးသည့်အဖွဲ့အစည်း – ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

(ဂ) ဟိုတယ်တည်နေရာ – ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျိုင်းတုံမြို့

(ဃ) ဟိုတယ်မြေအကျယ်အဝန်း – ၄ ဒသမ ၁၆၆ ဧက

(င) ဟိုတယ်၏ လက်ရှိအခြေအနေ- (၁၀၈)ခန်း အား ဖွင့်လှစ်ထားပါသည်။

(စ) ငှားရမ်းလိုသည့်ကာလ- (၅၀)+ (၁၀)+(၁၀)နှစ်ဖြင့် စုစုပေါင်း နှစ်(၇၀)

၃။ တိုးမြှင့်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းနှင့် သက်ဆိုင်သော လုပ်ကိုင်ဆောင်ရွက်မည့်အစီအစဉ်

(က) ဟိုတယ်အား အဆင့်မြှင့်ပြန်လည်မွမ်းမံခြင်း

လက်ရှိအခန်း (၁၀၈) ခန်း အားကြယ်ငါးပွင့်အဆင့်အဖြစ် မြှင့်တင်ပြင်ဆင်နိုင်ရန်အတွက် ဟိုတယ်သုံးပစ္စည်းများအားလဲလှယ်ခြင်း၊ ရေချိုးခန်းများအားအဆင့်မြှင့်တင်ခြင်းအား ရင်းနှီးမြှုပ်နှံမှု ကျပ်သိန်း(၁၀,၀၀၀)တိတိ ဖြင့် ဆောင်ရွက်သွားပါမည်။

(ခ) ဟိုတယ်အား တိုးချဲ့တည်ဆောက်ခြင်း -

လက်ရှိအခန်းများအား ကြယ်(၅)ပွင့်အဆင့်မြှင့်တင်ပြီး (၅)နှစ်ပြည့်မြောက်ပြီးပါက အခန်း(၆၀)ပါ အဆောက်အဦးအားတိုးချဲ့ဆောက်လုပ်သွားပါမည်။ အဆိုပါအဆောက်အဦးအတွက် ရင်းနှီးမြှုပ်နှံမှု ကျပ်သိန်း (၃၀,၀၀၀) တိတိဖြင့် ဆောင်ရွက်သွားပါမည်။

(ဂ) ဟိုတယ်တွင် ထပ်မံဖြည့်ဆည်းအဆင့်မြှင့်ဆောင်ရွက်မည့် ဝန်ဆောင်မှုများ

၁) (၂၄)နာရီရရှိနိုင်သော Restaurant

၂) SPA

၃) Laundry,

၄) Meeting & Ball Room Facilites

၅) Ticketing & Transportation

၆) Trekking

၇) Fittness Center & Swimming Pool

(ဃ) ဟိုတယ်အုပ်ချုပ်မှုဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်မည့်လုပ်ငန်းများ

၁) ဒေသခံများအား ဦးစားပေးခန့်ထားပြီး သင်တန်းများပို့ချခြင်း။

၂) ဧည့်သည်များအား Trekking ဝန်ဆောင်မှုပေးနိုင်ရန် 4W Double Cab ကား (၁၀)စီး ထားရှိခြင်း။

၃) Online Reservation System နှင့် Online Banking System ဖြင့် ငွေပေးချေနိုင်ရန် ဆောင်ရွက်ခြင်း။

(ဝန်ထမ်း၊ ယာဉ်/ အခြားဖြည့်ဆည်းမှုများ)

၄။ အဆိုပြုတင်ပြငွေကြေးနှင့် ပေးချေမှုစနစ်

(က) လက်ရှိငှားရမ်းထားသောနှစ်စဉ်မြေငှားရမ်းခ – တစ်နှစ်လျှင် ကျပ်သိန်း (၁၈၅၀)တိတိ

(ခ) လက်ရှိ ငှားရမ်းထားသော မြေအသုံးချခ – မရှိ။

(ဂ) အဆိုပြု နှစ်စဉ်မြေငှားရမ်းခ – တစ်နှစ်လျှင် ကျပ်သိန်း (၁၈၅၀)တိတိ

(ဃ) အဆိုပြုမြေအသုံးချခ – ကျပ်သိန်း(၂၀၀၀)

(င) နှစ်စဉ်ငှားရမ်းခအား ပေးချေလိုသည့်ပုံစံ – ဌာနမှ သတ်မှတ်ချက်အတိုင်းပေးသွင်းပါမည်။

၅။ ဆောင်ရွက်ရန် အဆိုပြုချက်နှင့် စပ်လျဉ်းသည့်အောက်ဖော်ပြပါ အထောက်အထားများကို ပူးတွဲတင်ပြအပ်ပါသည်။

(က) ယခင်ချုပ်ဆိုပြီးသည့်စာချုပ် (ပူးတွဲတင်ပြထားရှိပါသည်။)

(ခ) ပေးသွင်းခဲ့ပြီးသော လုပ်ငန်းပိုင်းနှင့် ငွေရေးကြေးရေးဆိုင်ရာ အထောက်အထားများ (ပူးတွဲတင်ပြထားရှိပါသည်။)

(ဂ) ပြင်ဆင်ချုပ်ဆိုမည့် စာချုပ်နမူနာ (ပူးတွဲတင်ပြထားရှိပါသည်။)

လက်မှတ် 10th Sept '15

အမည် – ဦးအောင်မျိုးမင်းဒင်


မှတ်ပုံတင်အမှတ် – ၁၂/ကမရ(နိုင်)၀၂၈၁၂၂

ရာထူး – အုပ်ချုပ်မှုဒါရိုက်တာ

Adventure Myanmar Tours & Incentives Co.,Ltd

NIC

ကျိုင်းတုံ(သစ်)ဟိုတယ်



၁။ ဟိုတယ်တည်နေရာ - အမှတ်(၅)ရပ်ကွက်၊အကွက်အမှတ်(၂၈)တောင်ခုပ်လမ်း ကျိုင်းရင်းရပ်၊ကျိုင်းတုံမြို့

၂။ မြေအကျယ်အဝန်း - (၄.၁၆၆)ဧက

၃။ ပိုင်ဆိုင်မှု/အမည်ပေါက် - ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန

၄။ ဟိုတယ်စတင်ဖွင့်လှစ်သည့်နေ့ - (၁၈-၉-၁၉၉၆)

၅။ အခန်းအရေအတွက် - မူလ(၁၀၈)ခန်း၊ ငှားရမ်းပြီး(၁၀၈)ခန်း

၆။ ငှားရမ်းသူအမည်/ကုမ္ပဏီ - ဦးအောင်မျိုးမင်းခင်၊ Adventure Myanmar Tours & Incentives Co.,Ltd

၇။ တစ်နှစ်ငှားရမ်းခ - တစ်နှစ်လျှင် ကျပ်(၁၈၅၀ .)သိန်း

၈။ ငှားရမ်းကာလ - ၁-၇-၂၀၁၅ မှ ၃၀-၆-၂၀၃၀ ထိ(၁၅)နှစ်

၉။ ငှားရမ်းသူ၏ ရင်းနှီးမြှုပ်နှံမှု - ကျပ်(   )သန်း

၁၀။ ဌာန၏ ရင်းနှီးမြှုပ်နှံမှု - ကျပ်(၆၀၀.၄)သန်း

၁၁။ ဖြစ်စဉ်အကျဉ်း - ကျိုင်းတုံစော်ဘွားဟော်နန်းနှင့်မြေအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရှမ်းပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌတိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ (၈.၁၀.၉၁)တွင် မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသို့ လွှဲပြောင်းပေးခဲ့ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ (၁၈.၁၀.၉၆)ရက်စွဲပါအမိန့်ကြော်ငြာစာအရ ခရိုင်အုပ်ချုပ်ရေးမှူး၊ ကျိုင်းတုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက်(၃၃၂)ဖြင့် ဟိုတယ်/ခရီးမြေအဖြစ်(၁၀.၁.၉၇)တွင် အခမဲ့လွှဲပြောင်းပေးခဲ့ပါသည်။(၁၉၉၄-၉၅)တွင် စတင်တည်ဆောက်ပြီး (၁၈.၉.၉၆)တွင် ဟိုတယ်စတင်ဖွင့်လှစ်ခဲ့ပါသည်။

- (၁၉၉၅-၉၆)တွင် ကျိုင်းတုံဟိုတယ်(ဟောင်း)စီမံကိန်းပထမအဆင့်အဖြစ် အိပ်ခန်း(၂၄)ခန်းပါ ဟိုတယ်အား ဖွင့်လှစ်ပြီးဖြစ်၍ စီမံကိန်းဒုတိယအဆင့်အဖြစ် ကျိုင်းတုံဟိုတယ်သစ်အား ဆက်လက်တည်ဆောက်ခြင်းဖြစ်ပါသည်။

- (၁-၇-၂၀၁၃)ရက်နေ့မှစ၍ဦးနန္ဒာလှမြင့်၊ မင်းကျန်စစ်ကုမ္ပဏီလီမိတက်သို့ငှားရမ်းခ တစ်နှစ်လျှင် ကျပ်(၄၈၀၀)သိန်းဖြင့် (၁၅)နှစ်သက်တမ်းငှားရမ်းခဲ့ပါသည်။ အဆိုပါကုမ္ပဏီမှ ကျိုင်းတုံဟိုတယ်သစ်အား (၁-၃-၂၀၁၅)ရက်နေ့တွင်ဌာနသို့ ပြန်လည်အပ်နှံခဲ့ပါသည်။

- (၁-၇-၂၀၁၅) ရက်နေ့မှစ၍ ဦးအောင်မျိုးမင်းဒင် Adventure MyanmarTours &Incentives Co.,Ltd သို့ငှားရမ်းခ တစ်နှစ်လျှင် ကျပ်(၁၈၅၀)သိန်းဖြင့် (၁၅)နှစ်ငှားရမ်းထားပါသည်။